(တို့ဗမာအစည်းအရုံး)

# ပြည်သူ့ ဒီမိုကရေစီပါတီ-(ဗမာပြည်)

၁၃၁၈ ခု—ဝါခေါင် လ ပြည့်ကျော်—၅—ရက်နှင့် —၆—ရက် ၁၉၅၆ ခု ဩဂုတ်လ—၂၆—၂၇—ရက်နေ့များတွင် ကျင်းပသည့် နိုင်ငံလုံးဆိုင်ရာ ကိုယ်စားလှယ်ပေါင်းစုံ အစည်းအဝေးကြီးနှင့်တဆက်တည်း ပြုလုပ်သော ကော်မီတီ အစည်းအဝေးမှ ဆုံးဖြတ် တာဝန်ပေးအပ်ခဲ့သည့်အတိုင်း ဗဟိုရ်အလုပ်အမှုဆောင်အဖွဲ့တွင် အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းကြပြီးနောက် ၁၃၁၈ ခု-တန်ဆောင်မုန်းလပြည့်ကျော်-၃-ရက် ၁၉၅၆ ခု-နိုဝင်ဘာလ-၂၀-ရက်နေ့တွင် ပြုလုပ်သည့် ဗဟိုရ်အလုပ်အမှုဆောင် အစည်းအဝေးမှ ပါတီ၏ရာဇဝင်ပိုင်း-ရည်ရွယ်ချက်-အခြေခံဝါဒ လုပ်ငန်းစဉ်နှင့် စည်းမျဉ်း ဥပဒေတို့ကို အခန်း-၅-ခု ခွဲခြား၍ အောက်တွင် ဖော်ပြထားသည့်အတိုင်း ဆုံးဖြတ် **သတ်မှတ်ကြသည်**။

## အခန်း (၁)

## ရာဇဝင်ပိုင်း

ရာစု နှစ်ပေါင်းများစွာသောအချိန်မှစ၍ **သ**က်ဦးဆံပိုင် ဘုရင်စံနစ်အထိ တိုးတက် မြင့်မားလာသော ပဒေသရာဇ်စံနစ်အား ဖြိုဖျက် ထိမ်းချုပ် အစားထိုးခဲ့သည့် လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်၏ သွေးစုတ် ချယ်လှယ်မှု-ဖိနှိပ်သွမ်းမှုမှု-ညှင်းပန်း နှိပ်စက်မှုဒဏ်ကို ကမ္ဘာ့ပြည်သူတို့သည် နည်းလမ်းအမျိုးမျိုးဖြင့် တွန်းလှန် တိုက်ဖျက်ခဲ့ကြသည်။

ဗမာနိုင်ငံတွင်လည်း-၁၈၈၆ ခု-နှစ်တွင် တပြည်လုံးကို ဗြိတိသျှနယ်ချဲ့အရင်းရှင် အစိုးရတို့ သိမ်းပိုက်ခြင်းခံရသည့်အချိန်မှစ၍ တိုင်းရင်းသားတို့သည် နည်းအမျိုးမျိုးဖြင့် တွန်းလှန် တိုက်ဖျက်ခဲ့ကြသည်။

သို့ရာတွင် သက်ဦးဆံပိုင် ဘုရင်စံနစ်ကို ဖြိုဖျက်ခါ လူတစု ကောင်းစားရေးအတွက် ပြည်သူ လူများစုကြီးကို ဖိနှိပ်ချယ်လှယ်နိုင်ရန် ထုထည်ကြီးမားသော သေနင်္ဂဗျူဟာအရ ပါးနပ် ကောက်ကျစ်သော နည်းပရိယာယ်တို့ဖြင့် အလွန် ခိုင်ခန့် ကျယ်ဝန်းစွာ စံနစ်တကျ တည်ဆောင် ထားသည့် အရင်းရှင် စံနစ်ကို မိမိရရ ဖြိုဖျက်မည့် မှန်ကန်၍ သဘာဝကျသော သေနင်္ဂဗျူဟာနှင့် တိကျ ပြတ်သားသော လုပ်ရပ် လမ်းစဉ်များကိုပါ မတွေ့ကြရသေးသဖြင့် အောင်မြင်မှုမရသေးဘဲ ရှိခဲ့ကြရသည်။

၁၉၁၇-ခုနှစ် အောက်တိုဘာလတွင် လူသား အချင်းချင်း ကျွန်ပြု ချယ်လှယ်ခြင်း-သွေးစုတ် အမြတ်ထုတ်ခြင်း-ဖိနှိပ်ညှင်းပန်းခြင်း သဘောလက္ခဏာတို့သာ ဖြစ်သည့် ကိုလိုနီ နယ်ချဲ့စံနစ်-လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်-ဖက်ဆစ် အာဏာရှင်စံနစ်နှင့် မြေရှင် ပဒေသရာဇ် စံနစ် တို့ကို အကြွင်းမဲ့ တွန်းလှန် ဖြိုဖျက် နိုင်မည့် စံနစ်မှာ မာ့က်စ် အိန်ဂျယ်လ်တို့၏ သဘောတရား လမ်းစဉ်နှင့် နည်းစံနစ်သာ ဖြစ်သည် ဟူသော သာဓကကြီးတရပ်ကို ခေါင်းဆောင်ကြီး လီနင် စတာလင်တို့သည် ရုရှပြည်သူတို့ကိုဦးဆောင်ကာ နယ်ချဲ့အရင်းရှင်လည်းဖြစ်၊ ဖက်ဆစ် အာဏာရှင် တို့လည်းဖြစ်၊ ပြည့်ရှင် ပဒေသရာဇ်လည်းဖြစ်သည့် ဇာအစိုးရကို အောင်မြင်စွာ တွန်းလှန် ဖြိုဖျက်အစားထိုးလိုက်ခြင်းဖြင့် စတင် အကောင်အထည် ဖေါ်ပြခဲ့ကြလေသည်။

ဤအချိန်မှစ၍ ကမ္ဘာ့အဖိနှိပ်ခံ ပြည်သူတို့သည် မိမိတို့ဘဝလွတ်မြောက်မှု ကြိုးပမ်းရေးအတွက် လမ်းစ, ရောင်ခြည်ကို တွေ့မြင်လာကြရသည်။

နယ်ချဲ့ အရင်းရှင်တို့၏ ဖိနှိပ် ချယ်လှယ်မှုမှ လွတ်မြောက်ရေး အတွက် ရာစုနှစ် ထက်ဝက်ကျော်မျှ နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းနေခဲ့ ဖြစ်သည့် ကျွန်ုပ်တို့ ဗမာနိုင်ငံ အဖို့လည်း အဆိုပါ ၁၉၁၇ ခု-နှစ် အောက်တိုဘာ (ရုရှပြည်) ဆိုရှယ်လစ် တော်လှန်ရေးကြီး ဂယက်သည် ပြင်းထန်စွာ ရိုက်ခတ်ခဲ့သည်။



ထို့ကြောင့်အထူးသဖြင့် လူငယ်လူရွယ်တို့သည် အဆိုပါ အောက်တိုဘာ တော်လှန်ရေးကြီးတွင် ခေါင်းဆောင်ကြီး လီနင်-စတာလင်တို့ ဦးဆောင် အကောင်အထည် ဖေါ်ပြလိုက်သည့် နယ်ချဲ့စံနစ်၊ လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်၊ ဖက်ဆစ် အာဏာရှင်စံနစ်၊ ပြည့်ရှင်ပဒေသရာဇ် စံနစ်တို့ကို အကြွင်းမဲ့ တွန်းလှန် ဖြိုဖျက်နိုင်သည့် လမ်းစဉ်ဖြစ်သော ဆိုရှယ်လစ်စံနစ်ကို ရှာဖွေသေ့လာကြသည်။ အမျိုးသား လွတ်မြောက်မှု အတွက် ကိုလိုနီနယ်ချဲ့စံနစ်နှင့် လက်ဝါးကြီးအုပ် အရင်းရှင် စံနစ်တို့ကို ပြတ်ပြတ် သားသား ဆန့်ကျင် တိုက်ခိုက် နိုင်ရန် ၁၉၃၁ ခု-နှစ်တွင် တို့ဗမာအစည်းအရုံးကို လူငယ်များသည် စတင် ဖွဲ့စည်းခဲ့ကြသည်။

ယင်းသို့ဖွဲ့စည်းခဲ့သော တို့ဗမာအစည်းအရုံး၏ အခြေခံဝါဒတွင် အောက်ပါအချက်များကို ခံယူ သတ်မှတ်ခဲ့သည်။

(က) အောက်ဆုံးတန်း၌ ပိုက်ဆံမဲ့ တောသူ တောင်သား လုပ်သား ကိုင်သား အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသားနွမ်းပါးတို့ သည် အာဏာတွင် ရှေ့ဆောင်ရန် (ရှေ့ဆောင်ဆိုသည်မှာ ဝါဒလွှမ်းမိုးမှုကို ဆိုလိုသည်)။

(ခ) နောက်ဆုံးရည်ရွက်ချက်ဖြစ်သော လူတိုင်းလူတိုင်း လူ၏ အခွင့်အရေးအလုံးစုံကို သာတူနာမျှခံစားရမှု ဆင်းရဲသား၊ လယ်သမား အလုပ်သမားများကြီးစိုးသော အစိုးရ တည်ထောင်ရန်။

(ဂ) အရင်းအနှီး အားဖြင့် အမြတ်ယူခြင်း၊ လူနည်းစုတို့၏ လက်၌ ငွေရင်းငွေနှီးဖြင့် ပိုက်ဆံရှာခြင်းအစရှိသော သဘောတရားတို့ ကွယ်ပျောက် စေရန် တဦးတည်းပိုင်-တစုတည်းပိုင် အဖြစ်ဖြင့် ပစ္စည်း ပရိဘောဂများသည် လှည့်လည်ခြင်းမရှိဘဲ တနေရာ၊တနေရာကောင်းတို့ ၌သာ စုပုံနေခြင်းအားဖြင့် များစွာသော လူတို့ကို ကြပ်တည်း ကျဉ်း မြောင်းစေသည့်စံနစ်မျိုး ကွယ်ပျောက်ရန်နှင့် တိုင်းပြည်၏ ပစ္စည်း ပရိ ဘောဂများကို လူတိုင်းလူတိုင်း ညီမျှစွာ ပိုင်ဆိုင်ခွင့် ရှိစေရန်။

(ဃ) အထက်တန်းစား အောက်တန်းစား၊ သူဌေး ဆင်းရဲသားစသည်ဖြင့် စိတ်ဝမ်းကွဲပြားစေသည့် အတန်းအစား ခွဲခြားခြင်း မရှိရန်။

(င) ငွေပင်ငွေရင်းရိုက်ထုတ်၍ အများအပေါ်၌ အညွန့်ခူးသော စံနစ်သည် နယ်ချဲ့စံနစ်၏မူလအခြေခံသဘောတရားဖြစ်သဖြင့် လူနည်းစုဓနရှင်တို့ အကျိုးအတွက် လောဘရမက်ကို ရှေ့ထားလျက် စစ်မက်ပြုခြင်း၊နိုင်ငံချဲ့ခြင်းစသည်တို့ကို တိုးပွားစေသောကြောင့် ထိုနည်းစံနစ် ပပျောက်စေ၍ ငတ်မွတ် ခေါင်းပါး ချို့တဲ့ခြင်း၊ မျက်နှာငယ်ခြင်း၊ အောက်တန်းကျခြင်း၊ စသောဒုက္ခတို့မှ ငြိမ်းရာ ချမ်းရာ ဖြစ်သောလောကနိဗ္ဗာန်တည်းဟူသောလူတိုင်းလူတိုင်း လူ့အခွင့်အရေးဒင်ပြည့်ခံစားခံစားရေးတို့ကိုတည်ထွင်ရန်များ ဖြစ်သည်။

တို့ဗမာတို့သည် ယခုအခါ အလွန်ဆင်းရဲဒုက္ခ ရောက်လျက် ရှိကြရခြင်း အကြောင်းရင်းမှာ လက်ရှိ ဆိုးဝါးသော ဓနရှင်စံနစ်၏ လက်ပါးစေ တည်းဟူသော နိုင်ငံချဲ့ စံနစ်ကြောင့် ဖြစ်လေသည်။ ထိုနိုင်ငံချဲ့စံနစ်ကြီးနှင့် တို့ဗမာများ ရင်ဆိုင်တွေ့လျက် နေကြရ၍ ထိုစံနစ်ကြီးကို နိုင်ငံရေးအရသော်၎င်း၊ စီးပွါးရေးအရ သော်၎င်း၊ တို့ဗမာတို့သည် ပါယ်ဖျက်ကြရမည်။

နိုင်ငံရေးအရ လွတ်လပ်ရရုံမျှနှင့် ကိုယ့်မင်း ကိုယ့်ချင်း အဖြစ်သို့ မရောက်ရှိသေး။ကိုယ့်မင်း–ကိုယ့်ချင်း တည်ထောင်ရေးသည်လွတ်လပ်ရေးရပြီးနောက်မှ ဖြစ်နိုင်သည်။ ကိုယ့်မင်းကိုယ့်ချင်း တည်ထောင်ရေးဆိုသည်မှာ ရှေ့ကကဲ့သို့ တဦးထည်း တယောက်ထည်း အသက်ဦးဆံပိုင်အာဏာရှင် ဘုရင်တို့အုပ်စိုး နည်းမျိုးမဟုတ် အများ ဖြစ်သော ဆင်းရဲသားများ ကိုယ်တိုင် ကြီးမှူး အုပ်ချုပ်သော ဆင်းရဲသားမင်း ဆင်းရဲသားချင်းကိုသာ တို့ဗမာများသဘောဆန္ဒအရ ကိုယ့်မင်းကိုယ့်ချင်းတည်ထောင်ရေးဖြစ်သည်။ (၁၃၀၀-ပြည့်နှစ်–တပေါင်းလဆန်း ၅-ရက်နေ့-၁၉၃၈-ထုတ်တို့ဗမာအစည်းအရုံး-တို့ဗမာဝါဒမှ ကောက်နုတ်ဖေါ်ပြချက်)



တို့ဗမာအစည်းအရုံးသည် ယင်းသို့သော နယ်ချဲ့အရင်းရှင်တိုက်ဖျက်ရေးဝါဒ-လမ်းစဉ်များချမှတ်လျက် တဘက်မှလည်းအမျိုးသားရေးစိတ်ဓါတ်တို့ကိုအောက်ပါကြွေးကြော်သံနှင့် သီချင်းများဖြင့်နိုးဆွစည်းရုံးခဲ့သည်။

ကြွေးကြော်သံများ....သခင်မျိုးဟေ့–ဒို့ဗမာ။

အရေးတော်ပုံ–အောင်ရမည်။

လာမဲ့ဘေး-ပြေးတွေ့။

နယ်ချဲ့အစိုးရ-ပျက်စီးပါစေ။

အရင်းရှင်အစိုးရ-ကျဆုံးပါစေ။

တို့ဗမာသီချင်းတွင်....

အမျိုးသားရေး ကြိုးပမ်းကြပါ တို့ဗမာ××
အရှေ့ကနေဝန်းထွက်သည့်ပမာ တို့ခေတ်ကိုတော့ ရောက်ရမည်မလွဲပါ
တို့ဗမာ××ဗမာပြည်တဝှမ်းအကုန် တို့အိမ်မှတ်ပါ-တို့ယာမှတ်ပါ အဲဒါ
တို့ဗမာ × × ×

အထက်ဖေါ်ပြရာပါ ကောက်နုတ်ချက်အရ-တို့ဗမာအစည်းအရုံး၏ ဝါဒရည်မှန်းချက်သည်၊ ဗမာပြည်ကို ဗြိတိသျှ နယ်ချဲ့အောက်မှ ပြည့်ဝသော အမျိုးသားလွတ်မြောက်မှုရရှိပြီးနောက် ပြည်သူ့ဒီမိုကရေစီ နိုင်ငံထူထောင်လျက် ထိုမှတဆင့် ဆိုရှယ်လစ် လူ့ဘောင်သစ်ကြီး တည်ဆောက်ရန်ပင်ဖြစ်သည်။

ခေတ်ကာလအခြေအနေအရ ကိုယ့်မင်းကိုယ့်ချင်း စကားလုံး လောကနိဗ္ဗာန်စကားလုံးများသုံးခဲ့ခြင်းဖြစ်ရာ စင်စစ်အားဖြင့် (ဆင်းရဲသားမင်း ဆင်းရဲသားချင်းကိုသာ တို့ဗမာများ သဘောအရ ကိုယ့်မင်းကိုယ့်ချင်း တည်ထောင်ရေးဖြစ်သည်) ဆိုသောသဘောသည်ပင် ပြည်သူ့ဒီမိုကရေစီနိုင်ငံကို ရည်မှန်းချက်ဖြစ်သည်။

(အောက်တန်းကျခြင်းစသောဒုက္ခတို့မှငြိမ်းရာချမ်းရာဖြစ်သော လောကနိဗ္ဗာန် တည်းဟူသော လူတိုင်း လူတိုင်း လူ၏အခွင့် အရေးဒင်ပြည့်ခံစားရေးတို့ကိုတည်ထွင်ရန်များဖြစ်ကြသည်) ဆိုသော သဘော

သည်လည်း ဆိုရှယ်လစ်စံနစ်၊ ဆိုရှယ်လစ်နိုင်ငံတည်ဆောက်ရန် ဆိုသို ခြင်းဖြစ်ပေသည်။

ထို့ကြောင့်လည်း—၁၉၃၉–၃၀–ခုနှစ်တွင်ဗဟိုရှိကော်မီတီက ပြည်သူ့ဒီမိုကရေစီ နိုင်ငံထူထောင်ရေးနှင့် ဆိုရှယ်လစ် လောကတည် ဆောက်ရေးတို့ကို အတည့်အလင်းကြေညာဖေါ်ထုတ်ခဲ့လေသည်။

တို့ဗမာ အစည်းအရုံး၏ နိုင်ငံရေးခံယူချက်သည် ပြည်သူတို့၏ အမျိုးသားလွတ်မြောက်မှုရရှိရေးနှင့် အနာဂါတ် ဗမာပြည်သစ်တည် ဆောက်ရေး အတွက် မာ့က်စ်–လီနင်ဝါဒကို ဗမာပြည်နှင့် သင့်လျော် အောင်ကျင့်သုံးသွားရန်ဖြစ်သည်။ အစည်းအရုံး တည်ဆောက် ပုံမှာ ၁၉၃၉–ခုနှစ်မှ စ၍ ကွန်မြူနစ်အဖွဲ့ကလေးက ဦးဆောင်မှု ပေးလျက် အလုပ်သမား တောင်သူ လယ်သမားတို့ကိုမဏ္ဍိုင်ပြုကာ အခြားဒီမိုက ရေစီအင်အားစုတို့ကို စုပေါင်းဖွဲ့စည်းထားသဖြင့် အမျိုးသား ဒီမိုကရေ စီတပ်ပေါင်းစုအသွင်ဖြစ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးကာလတွင် တို့ဗမာ အစည်းအရုံး (အမျိုး သားဒီမိုကရေစီ တပ်ပေါင်းစု)ကို ပြန်လည် ဖေါ်ထုတ်ခြင်း–သို့မဟုတ် တို့ဗမာအစည်းအရုံးခေါင်းဆောင်များ–ကြေကြေလည်လည် ဆွေးနွေး ညှိနှိုင်းကာ သင့်လျော်သောတပ်ပေါင်းစုကြီးတရပ် ဖေါ်ထုတ်ရမည့်အ စား တို့ဗမာအစည်းအရုံးခေါင်းဆောင်အချို့က ဖ ဆ ပ လ ဟူသော အမည်ဖြင့် တပ်ပေါင်းစုတစု ဖေါ်ထုတ်လိုက်ကြခြင်း–၁၉၃၉–ခုနှစ်မှစ၍ တို့ဗမာအစည်းအရုံးကိုဦးဆောင်မှုပေးခဲ့သောကွန်မြူနစ်အစုကလည်း ကွန်မြူနစ်ပါတီကို အတိအလင်း ကြေညာထူထောင်ခြင်း၊အချို့ကလည်း ဆိုရှယ်လစ်ပါတီထူထောင်ခြင်း စသောအကြောင်းများကြောင့် နိုင်ငံ ရေးခံယူချက်အားဖြင့် ချွတ်ချော်လွဲမှားခြင်းမရှိသည့် တို့ဗမာ အစည်း အရုံးသည် ဖယိုဖရဲပြိုကွဲရသည့်အခြေသို့ရောက်ခဲ့ရလေသည်။

မူလကပင် နယ်ချဲ့အရင်းရှင် ကိုယ်စားလည်များ၊ အခွင့်အရေး သမားများ၊ပြည်သူဆန့်ကျင်ရေးအင်အားအစိတ်အပိုင်းများကိုပါ သိမ်း သွင်းဘည်ဆောက်ထားသည့်–ဖ–ဆ–ပ–လ–သည် ၁၉၄၆–ခုနှစ်မှစ၍ ပြိုကွဲပျက်စီးခဲ့ရာ၊ ၁၉၄၈–ခုနှစ်သို့ ရောက်သောအခါ မကြာမြင့်မီက



ဖ–ဆ–ပ–လ–ကို လက်တွဲတည်ဆောက်ခဲ့သူအခြင်းခြင်း လက်နက်ကိုင် တိုက်ပွဲ (ပြည်တွင်းစစ်) အထိ ပြင်းထန်သော ပဋိပက္ခမှုကြီးဖြစ်ပွားခဲ့ လေသည်။

ဖေါ်ပြရာပါကျိုးကြောင်းလက္ခဏာများနှင့် မျက်မှောက်ရင်ဆိုင် နေရသည့် အခြေအနေတို့အရ မှန်ကန်သောနိုင်ငံရေးခံယူချက်ဖြင့်ဆက် လက်တည်ရှိနေသော တို့ဗမာ အစည်းအရုံးကို အောက်ပါ သဘော ထားများဖြင့် ပြည်သူ့ဒီမိုကရေစီပါတီ ဗမာပြည်ဟူ၍ ပြုပြင်ပြောင်းလဲ ခဲ့ပေသည်။

## ၁၉၅၆–ခုနှစ် ဩဂုတ်လ–၂၆–ရက် ၂၇–ရက် နေ့များတွင် ကျင်းပသည့်–ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးကိုယ်စားလှယ်ပေါင်းစုံ အစည်းအဝေး ဆုံးဖြတ်ချက်

---

တို့ဗမာ အစည်းအရုံးသည် ၁၉၃၂–ခုနှစ်တွင် ဗြိတိသျှနယ်ချဲ့ အစိုးရ၏၊ ဖိနှိပ်ချုပ်ချယ်မှုကိုဦးတည်တိုက်ဖျက်ရန် (ဝံသာနု) မျိုးချစ် စိတ်ဓါတ်ကိုအရင်းခံလျက် စတင်ထူထောင်ခဲ့ကြသည်။

၁၉၃၆–၃၇–ခုနှစ်များသို့ရောက်သောအခါနိုင်ငံရေးဦးဆောင် လှုပ်ရှားမှုမှ လက်တွေ့နှင့် ယှဉ်ဟပ်ရရှိလာသည့် နိုင်ငံရေးခံယူချက်နှင့် အသွင် လက္ခဏာတို့မှာ အမျိုးသားဒီမိုကရေစီ တပ်ဦး အသွင်သို့ တိုး တက်ကူးပြောင်းလာခဲ့ပေသည်။

ထို့နောက် (၁၉၃၈–ခု) ၁၃၀၀–ပြည့် အရေးတော်ပုံခေတ် မှစ၍ အစည်းအရုံးသည် အလုပ်သမား တောင်သူလယ်သမားနှင့် ဒီမို ကရေစီ လူတန်းစားတို့ကိုဦးဆောင်ကာထိုလူတန်းစားတို့အခွင့်အရေး များအတွက် နယ်ချဲ့ပဒေသရာဇ်နှင့် လက်ဝါးကြီးအုပ် အရင်းရှင်စံနစ် တို့ကို တိုက်ခိုက်ရင်း–၁၉၃၉–၄၀–ခုနှစ်တွင်–နိုင်ငံလုံးဆိုင်ရာ ကော်မီတီ သည် ပြည်သူ့ ဒီမိုကရေစီရေးနှင့် ဆိုရှယ်လစ်ရေး သဘောထား တို့ကို အစည်းအရုံး၏ နိုင်ငံရေးရည်မှန်းချက်အဖြစ် ခံယူကြေညာခဲ့သည်။

ယင်းကဲ့သို့ တိုက်ပွဲမှတဆင့် အသိနှင့် ယှဉ်၍ပေါ်ပေါက်လာသော နိုင်ငံရေးခံယူချက်တို့ကို အချိန်အခါ အားလျော်စွာ ပြုပြင်ပြောင်းလဲခဲ့သည့်အတိုင်း ယခုအခါ အစည်းအရုံးက ခံယူသတ်မှတ် ထားသည့် တော်လှန်ရေးအဆင့်ကညာနှင့် ကိုက်ညီစေရန်ငှင်း-၁၉၃၉-၄၀-ခုနှစ်ကချမှတ်ကြေညာခဲ့သော ဝါဒလမ်းစဉ်နှင့် ဟပ်မိစေရန် အတွက်၎င်း-လက်ရှိပြည်ထောင်စုမြန်မာနိုင်ငံ၏အသွင်လက္ခဏာ-လူမျိုးစုလူမျိုးငယ်တို့၏ တိုးတက်ပြောင်းလဲလာသည့် အခြေအနေတို့နှင့် ပြေလည်ကိုက်ညီစေရန်၎င်း-တို့ဗမာ အစည်းအရုံး ဟူသောအမည်ကို ပြည်သူ့ဒီမိုကရေစီပါတီ ဗမာ့ပြည်ဟူ၍ ပြောင်းလဲရန်ဆုံးဖြတ်သည်၊

ဤကဲ့သို့ပြောင်းလဲပြီးလျှင် ပြည်သူ့ဒီမိုကရေစီပါတီ ဗမာပြည်ဟူ၍ကမ္ဘည်းဆိုင်းဘုတ် စသည့်တို့ရေးရာ၌ ရာဇဝင် အမည် ('တို့ဗမာ အစည်းအရုံး) ကို ထိပ်မှ ၃င်းပိဘ်ဖြင့် ဖော်ပြ သတ်မှတ်ရန်ကိုလည်း ရည်ညွှန်းသည်။

အ ခဏ်း (၃)

## အ ခြေ ခံ ဝါ ဒ

ကမ္ဘာ့ဦး ပဒေသာခေတ် နောက်ပိုင်းတွင် ရာစု နှစ်ပေါင်းများစွာ ဘဝတည်မြဲရေးအတွက် သီးနှံစိုက်ပျိုးခြင်းဖြင့်ကျူးပမ်းနေထိုင်ခဲ့ကြသော မြေယာ ကိုယ်တိုင် ခုတ်ထွင် ပိုင်ဆိုင်၍- ကိုယ်တိုင် ထွန်ယက်လုပ်ကိုင်သည့် စီးပွားရေးစံနစ်ကို ပဒေသရာဇ် မြေရှင်ကြီး စီးပွားရေးစံနစ်ဖြင့် အဓမ္မ အစားသိုး ပြောင်းလဲကာ ပြည်သူလူများစုကြီး တချပ်လုံးအား မြေကျွန် ယာကျွန်များအဖြစ်ရောက်ရှိစေခဲ့သည်။

လူ့လောကကြီးတခုလုံးကိုပဒေသရာဇ်စာပေပညာ၊ပဒေသရာဇ်ယဉ်ကျေးမှု အဆောင် အယောင် သဘောလက္ခဏာ စသည်တို့ဖြင့် လွှမ်းခြုံကာ ပဒေသရာဇ် မြေရှင်ကြီးစီးပွားရေးစံနစ် တည်တန့်ခိုင်မြဲရေး အတွက် ဖန်တီးခဲ့ကြသည်။



ယင်းသို့အားဖြင့် ရာစုနှစ်ပေါင်းများစွာ လွန်မြောက်ခဲ့ပြီးနောက် ပဒေသရာဇ်မြေရှင်ကြီးစီးပွားရေးစံနစ်ကို လက်ဝါးကြီးအုပ် အရင်းရှင်စီးပွားရေးစံနစ်အားဖြင့် ဖြိုဖျက် ထိမ်းချုပ် အစားထိုးခဲ့ကြပြန်ပါသည်။

သန်းပေါင်းများစွာသော ကမ္ဘာ့ပြည်သူတို့အား ပစ္စည်းမဲ့ဘဝ ကိုယ်ကိုအရင်းပြုကာ၍ မိမိဘဝ တည်မြဲရေးအတွက် လက်ဝါးကြီးအုပ် အရင်းရှင်တို့ အစေအပါး အခစားများအဖြစ် လုပ်ကိုင်ကြရသည့်အခြေသို့ ရောက်စေ ခဲ့သည်။ မြောက် များ စွာ သော နယ် စား ပါယ်စား ပဒေသရာဇ်ကြီးများနှင့်မြေရှင်ကြီးများကိုလည်း၎င်း (လက်ဝါးကြီးအုပ် အရင်းရှင်) တို့၏ လက်ပါးစေများ အဖြစ် အသုံးပြုခဲ့ကြလေသည်။

လက်ဝါးကြီးအုပ် အရင်းရှင်စံနစ် တိုးတက်ကျယ်ပြန့်ရေးအတွက် ကိုလိုနီ နယ်ချဲ့စံနစ်ကိုသုံးကာ လူလူချင်း လွှမ်းမိုးချယ်လှယ်ခြင်းအလုပ်ကို လုပ်ခဲ့သည်၊ နယ်ပါယ်ဒေသ တိုင်းပြည်မြို့ရွာတို့ကို အနိုင်အထက် တိုက်ခိုက်နယ်ချဲ့လာသည်၊အရင်းရှင်စာပေပညာ၊အရင်းရှင်ယဉ်ကျေးမှု၊ အရင်းရှင်အုပ်ချုပ်ရေး စည်းမျဉ်းဥပဒေ အဆောင်အယောင် စသည်တို့ဖြင့် လွှမ်းခြုံကာ အရင်းရှင် စီးပွားရေးစံနစ်ကြီးခိုင်မြဲရေးအတွက်ဖန်တီးခဲ့ကြသည်။

ပဒေသာခေတ်မှတဆက်ထည်းမြေယာကိုယ်တိုင်ခုတ်ထွင်ပိုင်ဆိုင်၍ ကိုယ်တိုင်ထွန်ယက်လုပ်ကိုင်သည့် စီးပွားရေးစံနစ်အရ ငြိမ်းချမ်းစွာနေထိုင်ခဲ့ကြသောလူ့ဘောင် လောကကြီးသည် ပဒေသရာဇ်မြေရှင်ကြီးစီးပွားရေးစံနစ်-လက်ဝါးကြီးအုပ် အရင်းရှင် စီးပွားရေးစံနစ်တို့ ပေါ်ပေါက်လာသည့်အချိန်မှစ၍ တဘက်မှ လောကဓါတ်ပညာများ တစတစ ထွန်းကားကာ လူနေမှုအဆင့်အတန်း တိုးမြင့်လာခြင်း၊ကုန်ပစ္စည်းများ တိုးတက်ကောင်းမွန်စွာ ပေါ်ထွက်လာခြင်း၊ ပညာရေး၊ လူမှုရေးတို့ တိုးတက်လာခြင်း-လူနေ နယ်မြေဒေသ ကျယ်ဝန်းလာခြင်း၊ စသည်ဖြင့် တိုးတက်မှုဘို့အဘက်ဘက်က ရှိလာခဲ့သော်လည်းထိုသို တိုးတက်မှုမြင့်မားမှုမှန်သမျှသည် ပြည်သူလူများစုကြီးအဘို့မဟုတ် ဘဲလက်ဝါးကြီးအုပ်အရင်းရှင်တစုနှင့် ၎င်း၏ လက်ပါးစေ ပဒေသရာဇ် မြေရှင်ကြီးများ မြူရိုကရက်များ ကွန်ပရာဒိုများ အဘို့သာ ဖြစ်သေသည်။

ကမ္ဘာ့ပြည်သူအများစုကြီးသည်ကား ထိုရာစုနှစ်ပေါင်းများစွာအတွင်း ပဒေသရာဇ်ကြီးများ မြေရှင်ကြီးများ၏ ဖိနှိပ်ညှင်းပန်းမှု အမျိုးမျိုးကိုရင်း လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများ၏ ချယ်လှယ်သွေးစုတ်အမြတ်ထုတ်မှု အမျိုးမျိုးကိုရင်း အလူးအလဲခံကြရရုံမျှ မကသေးဘဲ ထိုထိုပဒေသရာဇ် မြေရှင်တို့အချင်းချင်း လုယက်တိုက်ခိုက်ကြရာတွင်ရင်း လက်ဝါးကြီးအုပ် အရင်းရှင်တို့ အချင်းချင်း လုယက် တိုက်ခိုက်ကြရာတွင်ရင်း၊ ပဒေသရာဇ်များနှင့်လက်ဝါးကြီးအုပ် အရင်းရှင်တို့ လုယက်တိုက်ကြရာတွင်ရင်း စက်ရုပ်သဘွယ် အမျိုးမျိုး အသုံးပြုခြင်း၊ သွေးချောင်းစီးပိုက်ပွဲများတွင် စတေးခြင်းတို့ကို ခံခဲ့ကြရသည်။

ကမ္ဘာကြီးတခုလုံးသည် မြေယာကိုယ်တိုင်တည်ထွင် လုပ်ကိုင်သည့် စီးပွားရေး စံနစ်ကြီး ဖြိုဖျက်အစားထိုးခံရသည့် အချိန်မှစ၍ ကမ္ဘာ့ပြည်သူတရပ်လုံးတွင် ငြိမ်းချမ်းမှု တရား မျှတမှုတို့ လုံးဝဆိတ်သုဉ်းခဲ့ရ လေတော့သည်။

အထူးသဖြင့် အလုပ်သမား တောင်သူ လယ်သမား ဈေးတောင်းခေါင်းရွက်စသည့် ပစ္စည်းမဲ့ ဆင်းရဲသား ရာခိုင်နှုန်း-၈၀-ကျော်မျှသော ကမ္ဘာ့ပြည်သူတရပ်လုံး ငတ်မွတ်ခေါင်းပါးခြင်း၊ အိုးအိမ်နေရာမဲ့ခြင်း လုံလဲစွာမဝတ်ရခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း၊ ပညာမဲ့ခြင်း၊ အသက်တန်းတိုခြင်း၊ အသက်ခန္ဓာလုံခြုံမှု မရှိခြင်းဟူသော ဘေးအန္တရာယ်ကို ပို၍-ပို၍ ရင်ဆိုင်တွေ့ကြုံလာကြရသည်။

အမှန်စင်စစ် လူ့လောကကြီးတခုလုံးသည် ပဒေသရာဇ် မြေရှင် စီးပွားရေးစံနစ် လက်ဝါးကြီးအုပ် အရင်းရှင် စီးပွားရေး စံနစ်တို့ အမြစ်တွယ်ကျန်ရှိနေသမျှကာလပါတ်လုံး နယ်ချဲ့ခြင်း၊ စစ်ပြုခြင်း၊ ကျူးကျော်စော်ကားခြင်း၊ မငြိမ်းချမ်းခြင်း၊ ငတ်မွတ် ခေါင်းပါးခြင်း၊ တရားမျှတမှု မရှိခြင်း၊ အသက်ခန္ဓာ လုံခြုံမှုကင်းမဲ့ခြင်း-စသည့် အနိဋ္ဌာရုံတို့ ရှိနေမည်သာဖြစ်ပေသည်။



ထို့ကြောင့် လူ့လောကကြီးတခုလုံးဖေါ်ပြရာပါ အနိဋ္ဌာရုံတို့မှ ကင်းလျှက် သာယာဝပြောသောလူ့ဘောင်ကြီး ပြန်လည်ဖြစ်ပေါ်လာရန်မှာ အဆိုပါ ကြွင်းကျန် နေသေးသည့် ပဒေသရာဇ် မြေရှင်ကြီးစီးပွားရေး စံနစ်နှင့် လက်ဝါးကြီးအုပ်အရင်းရှင် စီးပွားရေးစံနစ်တို့ကို အကြွင်းမဲ့ ဖြိုဖျက်ခါ လူသားခပ်သိမ်းတို့၏ ငြိမ်းချမ်းသာယာရေးကို ပေးစွမ်းနိုင်မည့် စီးပွားရေးစံနစ်သစ်ကြီး တရပ်ဖြင့် အစားထိုးရန်လိုပေသည်။

ယင်းသို့ အစားထိုးရန်အတွက် ကားလ်မာ့က်စ်နှင့် ဖရက်ဒရိ အိန်ဂျယ်လ်တို့ရှာဖွေဖေါ်ထုတ်ခဲ့ပြီး ဗီအိုင်လီနင် ဂျေဗီစတာလင်နှင့် မော်စီတုံးတို့ ဦးဆောင် အကောင်အထည် ဖေါ်ခဲ့ကြသော ဆိုရှယ်လစ် စီးပွားရေးစံနစ်သည် ကြွင်းကျန်နေသေးသည့် ပဒေသရာဇ် မြေရှင်ကြီး စီးပွားရေး စံနစ်ကိုရင်း၊ လက်ဝါးကြီးအုပ်အရင်းရှင် စီးပွားရေးစံနစ်ကိုရင်း အကြွင်းမဲ့ ဖြိုဖျက်အစားထိုးနိုင်ရုံသာမက ကမ္ဘာကြီး တခုလုံး၌ လောကဓါတ်ပညာစွမ်းဖြင့် အသစ်အသစ် ပေါ်ထွက် ထွန်းကားလာသော ကောင်းမွန်သည့် တိုးတက်မှုတို့ကိုလည်း ပြည်သူတရပ်လုံး စံနစ်တကျ ပြည့်ပြည့်ဝဝ အကျိုးခံစားကြရ၍ ငြိမ်းချမ်းရေး ဒီမိုကရေစီ ရေးနှင့် သာယာဝပြောရေးတို့ကို မုချပေးစွမ်းနိုင်မည်ဟု ယူဆသည်။

သို့အတွက်ဗမာပြည်သူတို့သည် မာ့က်စ်အိန်ဂျယ်လ်တို့ ရှာဖွေဖေါ်ထုတ်ချက်ဖြစ်သော ဆိုရှယ်လစ် စီးပွားရေးစံနစ်ကို လီနင် စတာလင် မော်စီတုံးတို့ ကျင့်သုံး လုပ်ဆောင် ညွှန်ကြားချက်များ အရ မိမိတို့ တိုင်းပြည် သဘာဝ အခြေအနေတို့နှင့် ယှဉ်ဟပ်ကြိုးပမ်းခြင်းဖြင့် ပဒေသရာဇ် မြေရှင်ကြီး စီးပွားရေး စံနစ်နှင့် လက်ဝါးကြီးအုပ် အရင်းရှင် စီးပွားရေးစံနစ်တို့၏ နှစ်ပေါင်းများစွာ ဖိနှိပ်ညှင်းပန်းချယ်လှယ်သွေးစုတ်ခံရခြင်း စသည့် အနိဋ္ဌာရုံ ဘဝဆိုးကြီးမှ မုချလွတ်မြောက် နိုင်ကြမည်ဟု ယုံကြည်သည်။

ထို့ကြောင့်ပြည်သူ့ဒီမိုကရေစီပါတီဗမာပြည်သည် မာ့က်စ်အိန်ဂျယ် တို့၏ ဆိုရှယ်လစ်စီးပွားရေးစံနစ်ကို ဆိုဗီယက် ရုရှပြည်တွင် ခေါင်းဆောင်ကြီး လီနင်-စတာလင်တို့သည် ထိုတိုင်းပြည်၏ အခြေအနေနှင့်

ဟပ်၍ရင်း တရုပ်ပြည်တွင်လည်း ခေါင်းဆောင်ကြီး မော်စီတုံး အမှူးရှိသော ပုဂ္ဂိုလ်ကြီးများသည် ၎င်းတို့တိုင်းပြည် အခြေအနေနှင့် ဟပ်၍ အကောင်အထည်ဖေါ်ခဲ့ကြသလိုကျွန်ုပ်တို့ဗမာပြည်တွင်လည်း မိမိတို့၏ တိုင်းပြည် အခြေအနေနှင့် ယှဉ်ဟပ်၍ အကောင်အထည် ဖေါ်ရမည် ဟု အလေးအနက် ခံယူ သတ်မှတ်သည်။ ။

× × ×

အခန်း (၂)

## ရည်ရွယ်ချက်

ယနေ့ဗမာနိုင်ငံသည် ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း၊ အခြေအနေတွင်ပင် ရှိသေးသည်။ ၁၉၄၈ ခု-နှစ်က ဗြိတိသျှ နယ်ချဲ့ အစိုးရထံမှ လွတ်လပ်ရေးရရှိခဲ့ပြီဆိုသော်လည်း စီးပွားရေးအရ လွတ်လပ်ရေး မရရှိကကဲ့သို့ ဗြိတိသျှ လက်ဝါးကြီးအုပ် အရင်းရှင် တဦးထည်း မျှပင် မဟုတ်ဘဲ နိုင်ငံခြား လက်ဝါးကြီးအုပ် အရင်းရှင်ပေါင်းစုံတို့၏ အခြေစိုက် ချယ်လှယ် အမြတ်ထုတ်မှုကိုပင် ခံရလျက်ရှိခြင်း၊ စစ်ရေးအရ အသွင်အမျိုးမျိုးဖြင့် ဩဇာထိုးဖြန့်မှု၊ ခြိမ်းခြောက်မှုတို့ကို ခံနေရသေးခြင်း၊ အုပ်ချုပ်ရေး စက်ယန္တရားကြီးတခုလုံးသည် နယ်ချဲ့အရင်းရှင်တို့ အကျိုးရှိရေး-ပြည်သူလူများစုကြီး အခွင့်အလမ်းချို့တဲ့ရေးတို့အတွက် ဗြိတိသျှ နယ်ချဲ့အစိုးရ ဖန်တည်း ပုံသွင်း ထားခဲ့သည့် အရင်းရှင် ဒီမိုကရေစီ အဆောက် အအုံအတိုင်းပင်ရှိသေးခြင်းတို့အတွက် အမျိုးသား လွတ်မြောက်မှု ပြည့်ဝရန် လိုသေးသည်။

**ဗမာနိုင်ငံ၏ ယနေ့ တော်လှန်ရေး အဆင့်သည် အမျိုးသား လွတ်မြောက်မှု ပြည့်ဝရေး နှင့် ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေး၊ ၂-ရပ် တစပ်တည်း ရင်ဆိုင်ကြိုးပမ်းနေရသည့် ကာလဖြစ်သည်။**



**ထို့ကြောင့် ယနေ့အဓိကနိုင်ငံရေး တာဝန်သည် အမျိုးသားလွတ်မြောက်မှု ပြည့်ဝရေးနှင့်ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေး အသိပညာများကို ပြည်သူတရပ်လုံးအား ကျယ်ပြန့်စွာပေး၍ စည်းရုံးလုပ်ဆောင်ရန်ဖြစ်သည်။**

၁၉၃၀-၃၁ ခု-နှစ်တွင် ဗြိတိသျှနယ်ချဲ့အစိုးရသည် သာယာဝတီ တောင်သူလယ်သမား အရေးတော်ပုံကြီးကို အင်အား ကြီးမားသော လက်နက်ကိုင်စစ်တပ်တို့ဖြင့် ရက်စက် ကြမ်းတမ်းစွာ တိုက်ခိုက်သတ်ဖြတ် နှိမ်နင်းခဲ့သည်။ခေါင်းဆောင်ကြီး ဆရာစံကိုယ်တိုင်နှင့် တိုင်းရင်းသား တော်လှန်ရေး ခေါင်းဆောင်များစွာတို့ကို ကြိုးပေး သတ်ဖြတ်ခြင်း၊ထောင်ချခြင်းတို့ကိုလည်း ပြုခဲ့သည်။တဘက်မှလည်း တိုင်းရင်းသားအာဏာလက်ဝေခံ အလိုတော်ရိ ခေါင်းဆောင် တစုအား (ဒါးစာခံ အဖြစ်) နိုင်ငံရေးအခွင့်အရေးများ အသင့်အတင့် တိုးမြှင့်ပေးခြင်းဖြင့် သိမ်းသွင်းခဲ့လေသည်။

ဗြိတိသျှတို့၏ ပြင်းထန်စွာ ဖိနှိပ် သတ်ဖြတ်မှုကြောင့် ပြည်သူအများစုကြီးသည် အစိုးရအဖွဲ့ အောက်ဆုံးအမှုထမ်းဖြစ်သော ပုလိပ်ကိုပင် မော်မကြည့်ဝံ့အောင် ကြောက်လန့်နေကြသည်။ တဘက်မှလည်း ခေါင်းဆောင်ဆိုသူများက မိမိတို့ အခွင့်အရေးအတွက် အာဏာ လက်ဝေခံအနေဖြင့် ဗြိတိသျှ အစိုးရထံ ဒူးထောက် ခေါင်းလျှိုလျက် နေကြပြန်ရာ ဗမာပြည်၏ နိုင်ငံရေးအခြေအနေမှာ နယ်ချဲ့သမားပြုမှ နုရမည့် အဖြစ်သို့ ရောက်ရှိနေလေသည်။

ထိုအချိန် (၁၉၃၂ ခု-နှစ်) တွင် ယနေ့ဒီမိုကရေစီပါတီဗမာပြည် ဟု အမည်ပြောင်းလဲ ခံယူလိုက်သည့် တို့ဗမာ အစည်းအရုံးသည် ပြည်သူ့ရှေ့မှောက်သို့ ထွက်ပေါ်လာပြီးလျှင်ဗြိတိသျှအစိုးရနှင့် မြူရိုကရက် အရာရှိဆိုးတို့အပေါ်၊ တရားမဲ့ ပြုကျင့် ညှင်းပမ်းမှုတို့ကို ရဲဝန့်ပြတ်သားစွာ ထုတ်ဖေါ်တင်ပြကာ အမျိုးသား စိတ်ဓါတ်ကိုနှိုးဆွလျက် ပြည်သူ

တို့၏ ကျေးစိတ်-ကျွန်စိတ်-ကြောက်ရွံ့စိတ်များကိုဖယ်ရှားပစ်ခဲ့သည်။ နယ်ချဲ့စံနစ် လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်ကို အကြွင်းမဲ့ ချေမှုန်း သုတ်သင်နိုင်မည့် နိုင်ငံရေးလမ်းစဉ်များကို ရှင်းလင်းတင်ပြခြင်းဖြင့် ပြည်သူတို့၏ လွတ်မြောက်ရေး ရောင်ခြည်ကို ထွန်းညှိပေးခဲ့သည်။

အတိုချုပ်သော် တို့ဗမာအစည်းအရုံးသည် ဗမာနိုင်ငံ တော်လှန်ရေးအဆင့်နှင့် ကိုက်ညီစွာ၁၉၃၂ ခု-နှစ်မှစ၍ အမျိုးသားစိတ်ဓါတ်ကို လှုံ့ဆော်နိုးဆွပေးကာ တဘက်မှ အခြေအနေနှင့်ဟပ်မိသော နိုင်ငံရေး လမ်းစဉ် လုပ်ရပ်တို့ကို ပြောင်းလဲ မြှင့်တင်လျက် နောက်ဆုံး ၁၉၄၂ ခု-နှစ်တွင် ဗြိတိသျှနယ်ချဲ့အစိုးရအား ဗမာနိုင်ငံမှ ပြည်သူ တရပ်လုံးက လက်နက်ကိုင် တော်လှန် တိုက်ထုတ်နိုင်သည်အထိ နိုင်ငံရေးတာဝန်ကို ဦးဆောင်ထမ်းရွက်ခဲ့သည်။

ဗြိတိသျှနယ်ချဲ့ အစိုးရသည် ၁၉၄၈ ခု-နှစ်က တိုင်းရင်းသား နယ်ချဲ့လက်ဝေခံအစုကိုခုတုံးလုပ်ခါ၎င်း၏စီးပွားရေးအခြေခံတို့ကို ဆက်လက် တည်ရှိရေးအတွက် နုအက်ဘလီ စာချုပ်အားဖြင့် ဗမာပြည်ကို လွတ်လပ်ရေး ပေးအပ်ခဲ့သည်။

လွတ်လပ်သောပြည်ထောင်စုသမတမြန်မာနိုင်ငံဟူ၍ကြေညာပြီး၊ ဗြိတိသျှလူမျိုး အစိုးရနေရာတွင် ဗမာတိုင်းရင်းသား၊ အစိုးရ ဖြစ်လာသည်ကို တွေ့ကြရသဖြင့် ငါတို့မျှော်မှန်းခဲ့သည့် လွတ်လပ်ရေးနှင့် ငါတို့ တိုင်းရင်းသားအစိုးရဖြစ်ပြီ။ထို့ကြောင့် နိုင်ငံရေးလုပ်ရန်မလိုတော့ပြီ..., ဟူသော အယူအဆ များသည် သာမာန်နိုင်ငံသား တဦးတယောက်ကို မဆိုထားဘိ၊ ဗြိတိသျှခေတ်က အဖွဲ့အစည်း တခုခုထည်းမှ နိုင်ငံရေးကို မိမိရရ လုပ်ဆောင်ခဲ့ဘူးသူ အချို့၌ပင်လျှင် စွဲဝင်သာကြပေသည်။

တဘက်မှသည်း ကိုလိုနီ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ပြီးသော ဗမာနိုင်ငံကို ဆိုရှယ်လစ်နိုင်ငံ ထူထောင်နေပြီ စသည်ဖြင့် လက်ဝါးကြီးအုပ် အရင်းရှင်တို့၏ စီးပွားရေး အခြေစိုက် ချယ်လှယ် မှုကို ခံနေရခြင်းနှင့် နယ်ချဲ့သြဇာ ထိုးဖေါက်လွှမ်းမိုးခံနေရခြင်းတို့ကို ဖုံးကွယ်ပေးသကဲ့သို့ လုပ်ကြဖန်တည်းလျက် ရှိကြသည်။



ထို့ကြောင့် အမျိုးသား လွတ်မြောက်မှု ပြည့်ဝရေးနှင့် ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး ၂ ရပ် တစပ်ထည်း ရင်ဆိုင်ကြုံးပမ်းနေရသည့် ယနေ့ဗမာပြည် တော်လှန်ရေးကာလတွင် ပြည်သူ့ ဒီမိုကရေစီပါတီ ဗမာပြည်၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဗမာနိုင်ငံသည် ၁၉၄၈ ခု-နှစ်က ဗြိတိသျှနယ်ချဲ့အစိုးရ ထံမှ လွတ်လပ်ရေးရရှိခဲ့ပြီ ဆိုသော်လည်း လက်တွေ့ဖြစ်ပျက်ရပ်များအရ ကိုလိုနီတပိုင်း-ပဒေသရာဇ်တပိုင်း အခြေ၌ ရှိနေသေးသည်ကို ပြည်သူ တရပ်လုံးအား ကြေလည်စွာ ရှင်းလင်းပညာပေးရန်။

(၂) ဗမာနိုင်ငံတွင် သြဇာလွှမ်းမိုးလျက်ပင် ရှိနေသေးသည့် ကိုလိုနီနယ်ချဲ့စံနစ် ပဒေသရာဇ် စံနစ်တို့ကို လုံးဝကျဆုံးသည်အထိ ပြည်သူအားနှင့် တိုက်ဖျက်ပစ်ရန်။

(၃) ဗမာနိုင်ငံသည်- လွတ်လပ်ရေး ရပြီးပြီဆိုကာမှ လက်ဝါးကြီးအုပ် အရင်းရှင်ပေါင်းစုံတို့၏ အသွင်အမျိုးမျိုးဖြင့် စီးပွားရေး အခြေစိုက် ထိုးဖေါက် ချယ်လှယ်မှုများ ခံလာရသည်ကို ပြည်သူ တရပ် လုံးအား စံနစ်တကျ ဖေါ်ထုတ် ပညာပေးရန်။

(၄) ဗမာနိုင်ငံတွင် အသွင်အမျိုးမျိုးနှင့်စီးပွားရေးထိုးဖေါက် အခြေစိုက်လျက်ရှိသေးသည့်လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်ကို လုံးဝ ပျက်ပြုန်းသည်အထိ ပြည်သူအားနှင့် ဖြုတ်တောက် ပယ်ရှားပစ်ရန်။

(၅) အမျိုးသား လွတ်မြောက်မှု ပြည့်ဝ ရေး၏ သဘောလက္ခဏာများကို ပြည်သူ့အလွှာ အသီးသီးတို့ မိမိရရ သဘောပေါက် အောင် ရှင်းလင်းတင်ပြရန်။

(၆) ပြည်သူ့ဒီမိုကရေစီ၏ သဘောလက္ခဏာများကို ပြည်သူ တရပ်လုံး သဘောပေါက် လက်ခံလာသည်အထိ ရှင်းလင်းတင်ပြရန်။

(၇) အမျိုးသား လွတ်မြောက်မှုပြည့်ဝရေးနှင့် ပြည်သူ့ ဒီမိုကရေစီ၏ သဘော လက္ခဏာတို့ကို ခံယူကျင့်သုံး လာသည့် ပြည်သူတို့ အား စံနစ်တကျစုရုံးလက်တွဲကာ ပြည်သူ့ဒီမိုကရေစီနိုင်ငံထူထောင်ရန်။

စင်စစ်အားဖြင့် လူလောက အဆောက်အအုံကြီးသည်- ပဒေသရာဇ်နှင့် မြေယာတည်ထွင်လုပ်ကိုင်နိုင်သည့်ခေတ်၊ ပဒေသရာဇ်ခေတ် အရင်းရှင်ခေတ်၊ ဆိုရှယ်လစ်ခေတ်မှ ကွန်မြူနစ်ခေတ်သို့ ရောက်ရှိရန် အဆင့်ဆင့် တော်လှန်တိုးတက် ကူးပြောင်းလျက်ရှိပေသည်။

ယင်းသို့ ကူးပြောင်း ကြရာတွင် ပဒေသာပင်ခေတ်၏ အကြွင်းအကျန်ဖြစ်သော မြေယာတည်ထွင် လုပ်ကိုင်သည့်ခေတ်ကို ပဒေသရာဇ် စနစ်ဖြင့် အစားထိုးခဲ့သည်။ ပဒေသရာဇ်ခေတ်ကို အရင်းရှင် စနစ်ဖြင့် အစားထိုးခဲ့သည်။ အရင်းရှင် စနစ်ကို ဆိုရှယ်လစ်စနစ်ဖြင့် အစားထိုးပြီး ကွန်မြူနစ်လူ့ဘောင်သို့ ကူးပြောင်းရန်ဖြစ်သည်။

၁၉၁၇-ခု-နှစ်တွင် အရင်းရှင်ခေတ်ကို ဆိုရှယ်လစ် စနစ်ဖြင့် စတင်ပြောင်းလဲလာသည့် အချိန်မှစ၍ ကမ္ဘာ့ပြည်သူတရပ်လုံး၏ စနစ်ပြောင်း တော်လှန်ရေးသဏ္ဍာန်သည် ဆိုရှယ်လစ်တော်လှန်ရေးပင် ဖြစ်သည်။ ယနေ့ကမ္ဘာကြီးတွင် လက်ဝါးကြီးအုပ် အရင်းရှင်တို့၏ ကိုလိုနီနယ်ချဲ့မှုမှန်သမျှကို တွန်းလှန် တိုက်ခိုက် နေကြခြင်းသည် ဆိုရှယ်လစ်တော်လှန်ရေးကြီးကို အဆင့်အပိုင်း အမျိုးမျိုးဖြင့် ဆင်နွှဲ နေကြခြင်းပင်ဖြစ်သည်။

ကမ္ဘာ့နယ်ချဲ့သမားတို့သည် ၎င်းတို့၏ လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကိုဒီမိုကရေစီ (ပြည်သူအများဆန္ဒ) ဆိုသော စကားလုံးဖြင့် အကာအကွယ်ပြုခဲ့ကြရာကမ္ဘာ့ပြည်သူလူများစုသည် လက်ဝါးကြီးအုပ် အရင်းရှင်တို့၏ သွေးစုပ်အမြတ်ထုတ်မှု ချယ်လှယ်လွှမ်းမိုးမှုတို့ကို မမြင်နိုင်အောင် နစ်မြုပ် နေခဲ့ကြသည်။ အထူးသဖြင့် ၁၉၁၇-ခု နှစ် ရုရှပြည် အောက်တိုဘာ တော်လှန်ရေးကြီးတွင် ပြည်သူ တို့က အောင်ပွဲခံလိုက်သည့်နောက်ပိုင်း၌ ကမ္ဘာ့နယ်ချဲ့သမား၏ နည်းပရိယာယ် များမှာ ပြည်သူတို့အား ဗိုလ်ကြွယ်ဝ ပြောပျောင်းသော ကျင့်သုံးလုပ်ဆောင်မှုများဖြင့် မှိုင်းတိုက်ခဲ့လေသည်၊ ထို့ကြောင့် အခြေခံတောင့်တင်း ခိုင်မြဲစွာ အမြစ်တွယ်နေသည့် အရင်းရှင်ခေတ် လူ့ဘောင်ကြီးကိုရင်း၊ လက်ဝါးကြီးအုပ် အရင်းရှင်က ၎င်း၏လက်သုံးအဖြစ် ဆက်လက် အသက်



သွင်းပေးထားသည့် ပဒေသရာဇ်စနစ် အကြွင်းအကျန်ကိုရင်း၊ ရုရှပြည်သူတို့က လက်ဝါးကြီးအုပ်အရင်းရှင်လည်းဖြစ်၊ မြေရှင်ပဒေသရာဇ်လည်းဖြစ်၊ ဖက်ဆစ်အာဏာရှင်လည်း ဖြစ်သည့် ဇာစနစ်ကို တကြိမ်တည်း တပြိုင်တည်း အမြစ်ပြတ်ချေဖျက်ခဲ့၊ ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းနိုင်ခဲ့သလို ကျန်ကမ္ဘာ့ ပြည်သူတို့အတွက် အခွင့်အလမ်း မရနိုင်အောင် ရှိလာရသည်။

[မှတ်ချက်- ဇာစနစ်ဟူ၍ သီးခြား စနစ်မရှိ၊ ဇာအစိုးရ ကျင့်သုံးနေသော စနစ်များကို စုပေါင်း တင်စား၍ သုံးနှုန်းခြင်းမျှဖြစ်သည်၊]

သို့အတွက် အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်း ရာတွင် အရင်းရှင်စနစ်ကို အကာအကွယ်ပေးထားသည့် အရင်းရှင် ဒီမိုကရေစီ လမ်းစဉ်ကို တိုက်ဖျက်ရန် ကြားအဆင့် တဆင့်အနေဖြင့် ပြည်သူ့ ဒီမိုကရေစီ လမ်းစဉ်တရပ် ပေါ်ထွက်လာရသည်၊ ပြည်သူ့ ဒီမိုကရေစီ လမ်းစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ပြီးနောက် ဆိုရှယ်လစ်စနစ်သို့ ဆက်လက် ကူးပြောင်းရန်ပင်ဖြစ်သည့် စင်စစ် အားဖြင့် ဤပြည်သူ့ဒီမိုကရေစီလမ်းစဉ်သည် အရင်းရှင်စနစ်မှဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းရေးအတွက် စခမ်းထောက်သဖွယ် ဖြစ်ပေသည်။

အရင်းရှင် ဒီမိုကရေစီ၏ ပိုင်းလုံးအကြားတွင် ကြီးထွားရင့်သန် လာကြရသည့် ပြည်သူအများစုကြီးအဖို့ ဆိုရှယ်လစ်တော်လှန်ရေးကြီးကို အောင်မြင်စွာ ဆင်နွှဲရေးအတွက် တော်လှန်ရေးအရည်အသွေးများ ရင့်ကျက်ပြည့်ဝရန် အရေးအကြီးဆုံး ဖြစ်ပေသည်။ လက်ဝါးကြီးအုပ် အရင်းရှင်နှင့် မြေရှင်ပဒေသရာဇ်တို့၏ ဖိနှိပ်ချယ်လှယ်မှုကို ဘဝ အနာကြီးသုံး ခံကြရသည့် အလုပ်သမားနှင့် ဘောင်သူလယ်သမား လူတန်းစားတို့အား လက်တွေ့နှင့် မာ့ခ်စ်-လီနင်တို့၏ ဆိုရှယ်လစ်သဘောတရားတို့ကို ပူးတွဲပညာပေးခြင်း-အခြား ဒီမိုကရေစီ လူတန်းစား တို့အား ဆိုရှယ်လစ် တော်လှန်ရေးကြီး၏ သဘောလက္ခဏာတို့ကို ပညာ ပေးခြင်းတို့ ပြုလုပ်ရန်လိုပေသည်။

ထို့ကြောင့် ပြည်သူ့ဒီမိုကရေစီပါတီသည် အောက်ပါသဘောထားများကိုလည်း ပါတီ၏ ရည်ရွယ်ချက်ကြီးများအဖြစ် သတ်မှတ်သည်။

(၈) လက်ဝါးကြီးအုပ် အရင်းရှင်နှင့် မြေရှင် ပဒေသရာဇ် စံနစ်တို့၏ ဖိနှိပ် ချယ်လှယ်မှုဒဏ်ကို ဘဝ အနာကြီးဆုံး ခံကြရသည့် အလုပ်သမားနှင့် တောင်သူ လယ်သမား လူတန်းစားတို့အား ၎င်းတို့ လက်တွေ့ဘဝအသိနှင့် မာ့ခ်စ် လီနင် ဝါဒ သဘောတရားရေးကို ယှဉ်ဟပ် ပညာပေးခါ ဆိုရှယ်လစ် တော်လှန်ရေးကြီး၏ တပ်ဦးဖြစ်သော မာ့ခ်စ် ဇစ္စ-တ် ပါတီသို့တင်ပို့ရန်။

(၉) လက်ဝါးကြီးအုပ် အရင်းရှင်နှင့်မြေရှင်ပဒေသရာဇ်တို့၏ သွေးစုပ် အမြတ်ထုတ်မှု-ဖိနှိပ် ချယ်လှယ်မှုဒဏ်ကို အသွင် အမျိုးမျိုး ဖြင့် ခံကြရသည့် ပြည်သူလူတန်းစား လူမျိုးစုအသီးသီးတို့အား ဆိုရှယ်လစ် တော်လှန်ရေးအတွက် အရံ အင်အားစုများအဖြစ် ဆိုင်ရာ ဆိုင်ရာ လူတန်းစား-လူမျိုးစုအလိုက် စုရုံး ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်ရန်။

(၁၀) နောက်ဆုံးတွင် ပြည်သူ့ဒီမိုကရေစီပါတီ ဗမာပြည်သည် ဆိုရှယ်လစ် တော်လှန်ရေးကြီးအပြီးသတ် အောင်ပွဲခံ တိုက်ပွဲ ဆင်နွှဲရာတွင် ရှေ့ဆုံးမှ ဦးဆောင် ချီတက်နေသည့် တခုတည်းသော မာ့ခ်စ် ဇစ္စ-တ်-ပါတီ ကြီးတွင် တထပ်တည်း-တအားတည်း-တသားတည်း ဖြစ်ရေးအတွက် ကြိုးပမ်းရန်။

## အခန်း (၄)

## လုပ်ငန်းစဉ်

ပါတီ၏လုပ်ငန်းစဉ်တွင် (က) ရေရှည်လုပ်ငန်းစဉ် (ခ) လောလောဆယ် လုပ်ငန်းစဉ်ဟု နှစ်ပိုင်း သတ်မှတ်သည်။ သို့ သတ်မှတ်ခြင်းသည် အခြေအနေ အချိန်အခါအားလျော်စွာ လုပ်ဆောင်သွားနိုင်ရေး အတွက်ဖြစ်သည်။



စင်စစ်အားဖြင့် လောလောဆယ် လုပ်ငန်းသည် ရေရှည်လုပ်ငန်းစဉ်၏ အနှစ်သာရနှင့် မဆန့်ကျင်စေရုံသာမက ရေရှည် လုပ်ငန်းစဉ် အောင်မြင်ရေးအတွက် အဓိက အထောက်အကူဖြစ်စေရမည်။

## (က) ရေရှည်လုပ်ငန်းစဉ်

### နိုင်ငံရေး

(၁) ဗမာနိုင်ငံအတွင်းရှိ ပြည်သူတို့အား အသွင် အမျိုးမျိုး ဖြင့် ချယ်လှယ်လွှမ်းမိုးလျက် ရှိနေသေးသည့်ကိုလိုနီနယ်ချဲ့စံနစ်ကို လုံးဝ ကျဆုံးသည့်အထိ တိုက်ဖျက်မည်။

(၂) ကိုလိုနီနယ်ချဲ့စံနစ် အသွင်အမျိုးမျိုးဖြင့် ဆက်လက်တည်မြဲရန် အကျိုးပြုနေသည့် လက်ဝေခံ (ကွန်ပရာဒို) စံနစ် ပပျောက်ရေး အတွက် ဆောင်ရွက်မည်။

(၃) ကိုလိုနီ နယ်ချဲ့စံနစ်နှင့် ကွန်ပရာဒို စံနစ်ကိုပါ အထောက်အကူ ပေးနေသည့် မြူရိုကရက် အုပ်ချုပ်ရေး စက်ယန္တယားကြီးနှင့် မြူရိုကရက် အရာရှိဆိုးစံနစ်ကို အပြီးတိုင် ဖယ်ရှားပြစ်မည်။

(၄) ကြွင်းကျန် နေသေးသည့် သက်ဦးဆံပိုင် ဘုရင်စံနစ်၏ အဆွယ်အပွားဖြစ်သော ပဒေသရာဇ် စော်ဘွားစံနစ်ကို လုံးဝ ပပြောက်သည်အထိ ဆောင်ရွက်မည်။

(၅) အလုပ်သမား-တောင်သူ လယ်သမား လူလတ်တန်းစား နှင့်တိုင်းရင်းသား အရင်းရှင်တို့အာဏာကို စုပေါင်းချုပ်ကိုင်သည့် ပြည်သူ့ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအတွက် လုပ်ဆောင်မည်။

(၆) ဗမာနိုင်ငံကို ပြည်သူ့ ဒီမိုကရေစီနိုင်ငံအဖြစ် အောင်မြင်စွာ တည်ဆောက်ပြီးနောက် ဆိုရှယ်လစ် လူ့ဘောင်သစ်သို့ ချီတက် ကူးပြောင်းနိုင်မည့် လမ်းစဉ်-လုပ်ရပ်များကို ဆက်လက်ကြိုးပမ်းမည်။

## စီးပွားရေး

(၇) ဗမာနိုင်ငံတွင် ယနေ့တိုင် အခြေစိုက် သွေးစုပ်လျက် ရှိနေသေးသော လက်ဝါးကြီးအုပ် အရင်းရှင် စီးပွားရေးစံနစ်ကို လုံးဝ ကျဆုံးသည်အထိ တိုက်ဖျက်ပြစ်မည်။

(၈) ရေနံ-သတ္တု စသည်ဖြင့် လက်ဝါးကြီးအုပ် အရင်းရှင်ပိုင် လုပ်ငန်းကြီးများ-ဘဏ်လုပ်ငန်းများကို နိုင်ငံပိုင်အဖြစ်သိမ်းယူလုပ်ကိုင် နိုင်သည်အထိကြိုးပမ်းမည်။

(၉) စီးပွားရေး လက်ဝေခံ (ကွန်ပရာဒို) စံနစ်နှင့် အစိုးရ အရင်းရှင် စီးပွားရေးစံနစ် (Bureaucratic Capitalism.) ကို ဖယ်ရှားပြစ်မည်။

(၁၀) ပဒေသရာဇ် မြေရှင်ကြီးစံနစ်ကို၎င်း-ထိုနေရာတွင်အသွင် တမျိုးဖြင့် အစားထိုးလာသည့် အခြား စံနစ်သစ်များကို၎င်း-အပြီးတိုင် ဖျက်သိမ်းပြီး မြေယာကိုယ်ပိုင် လုပ်ကိုင်သူတို့ အကျိုးအခွင့် ပြည့်ဝစွာ လုပ်ကိုင်နိုင်ရေးအတွက် စီမံ ဆောင်ရွက်မည်။

(၁၁) လက်ဝါးကြီးအုပ် အရင်းရှင် စီးပွားရေးစံနစ်နှင့် ပဒေသရာဇ်မြေရှင်ကြီး စီးပွားရေးစံနစ်တို့ကိုဖျက်သိမ်းပြီး ဆိုရှယ်လစ်စီးပွားရေးစံနစ် မထူထောင်နိုင်သေးမီ ကြားကာလ စီးပွားရေးအဆင့်တခု အနေဖြင့် အလုပ်သမား-တောင်သူလယ်သမား လူလတ်တန်းစားနှင့် တိုင်းရင်းသား အရင်းရှင် အပါအဝင် ပြည်သူတရပ်လုံးများစွာအကျိုး ခံစားခွင့်ရှိစေမည့် စီးပွားရေးစံနစ်တရပ်ဖြင့် လုပ်ကိုင် ဆောင်ရွက်မည်။

(၁၂) စက်မှုကြိယာအားဖြင့် ကုန်ထုတ် လုပ်ငန်းများလုပ်ခြင်း၊ လယ်ယာလုပ်ကိုင်ခြင်း စသည်ဖြင့် ဆိုရှယ်လစ် စီးပွားရေးစံနစ် တည်ဆောက်သွားနိုင်ရေးအတွက် ကြိုးပမ်းမည်။

## လူတန်းစားအရေး

(၁၃) လူတန်းစားတိုင်း မိမိဆိုင်ရာ လူတန်းစားအလိုက် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားနိုင်ရေး-မိမိတို့ဆိုင်ရာ အခွင့်အရေးများကို လူ



တန်းစား တရပ်နှင့်တရပ် ဆက်စပ်အကျိုးညီ၍ အပြည့်အဝ ရရှိရေး တို့အတွက် ဆောင်ရွက်မည်။

(၁၄) အလုပ်သမားတို့သည် ဆိုင်ရာလုပ်ငန်းဌာနတွင် ပူးပေါင်း စီမံနိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်များရရှိအောင် ဆောင်ရွက်မည်။

(၁၅) တောင်သူလယ်သမားတို့သည် ခေတ်မီ တိုးတက်သော ပစ္စည်းကရိယာတို့ဖြင့် ပုဂ္ဂလိကအနေဖြင့်၎င်း၊ စုပေါင်း၍၎င်း-လယ်ယာ လုပ်ကိုင်နိုင်စွမ်းရှိစေရန် ကျန်းမာရေး-ပညာသင်ကြားရေးနှင့် အခြားလူမှု ဆိုင်ရာ အခွင့်အရေးများ ပြည့်ဝစေရန် စီမံဆောင်ရွက်မည်။

(၁၆) အသွာအသီးသီးပါဝင်သည့် လူလတ်တန်းစားတို့သည် ဆိုင်ရာ လုပ်ငန်းဆောင်တာတို့တွင် ဆိုင်ရာအကျိုး အခွင့်များ ပြည့်ပြည့် ဝဝ ရရှိရေးတို့ အတွက် ဆောင်ရွက်မည်၊ (ဥပမာ) ဆေးဆရာ- ကျောင်းဆရာ- ရှေ့နေ-ရှေ့ရပ်- တဆင့်ခံရောင်းဝယ်မှု လုပ်ကိုင်ရသူ များ အငှားယဉ် လုပ်ငန်းလုပ်သူများ စသည်တို့သည် မျှတလုံလောက် သော အသက်မွေးမှု၊ ကျန်းမာမှု၊ ပညာ သင်ကြားမှု စသော အခွင့် အရေးများ ရရှိစေရေးတို့ဖြစ်သည်။

(၁၇) တိုင်းရင်းသား အရင်းရှင်တို့၏ လုပ်ငန်းများနှင့်ပါတ်သက် ၍ နယ်ချဲ့လက်ဝါးကြီးအုပ် အရင်းရှင်တို့၏ ဖိနှိပ်သွမ်းမိုးခံရခြင်းမှ ကင်း လွတ်ရေး၊ ကုန်ကြမ်းရရှိရေး၊ ကုန်ချောတွင်ကျယ်ရေး၊ အလုပ်သမား နှင့် ညီညွတ်မျှတရေး၊ နယ်ချဲ့လက်ဝါးကြီးအုပ် အရင်းရှင် အကျိုးပြုဖြစ် မသွားရေး စသည့်တို့အတွက် ဆောင်ရွက်မည်။

(၁၈) ပြည်သူ့ ဒီမိုကရေစီ အာဏာကို စုပေါင်း ထိန်းသိမ်း တာဝန်ခံကြရသည့်အလုပ်သမား၊တောင်သူ လယ်သမား၊ လူလတ်တန်း စားနှင့် တိုင်းရင်းသား အရင်းရှင်ဟု ဆိုအပ်သော လူတန်းစား လေး ရပ်တို့ တဦး၏အကျိုးအခွင့်ကို တဦးကလေးစားရေး၊ တဦး၏ အကြပ် တည်းကို တဦးက ဖြေရှင်းပေးရေး၊ တဦးတဦး အားထား ယုံကြည်မှု ဖြင့် ပိုမိုသွေးစည်းရေးတို့ကို ဆောင်ရွက်မည်။

(၁၉) ပြည်သူဒီမိုကရေစီအာဏာကိုစုပေါင်းတာဝန်ယူထားသည့် လူတန်းစား အသီးသီး တို့သည် ပုဂ္ဂလိက စီးပွားရေး ဘာ၏ ပဋိပက္ခ သဘော မချုပ်ငြိမ်းသေးသည့် အသွင်လက္ခဏာတို့ကို သိမြင်စွန့်ပါယ်ကာ ဆိုရှယ်လစ်လူ့ဘောင်သစ် တည်ဆောက်နိုင်ရေးအတွက် စုပေါင်း စီးပွားရေး ဘဝအားဖြင့် တခုတည်းသော အလုပ်သမား လူတန်းစား အမြင်အသွင်သို့ သောင့်အမျိုးမျိုးမှ ခံယူ တူညီလာစေရန် ကြိုးပမ်းမည်၊

## ယဉ်ကျေးမှုနှင့် ထုံးဓလေ့များ

(၂၀) နှစ်ပေါင်း ၂ ထောင်ကျော် အမြစ်တွယ်လာခဲ့သော ပဒေသရာဇ် ယဉ်ကျေးမှုထုံးဓလေ့များနှင့် နှစ်တရာကျော်အမြစ် တွယ်လာခဲ့သော အရင်းရှင် ယဉ်ကျေးမှု ထုံးဓလေ့တို့မှ သဘာဝနှင့်လည်း မကိုက်ညီ-ခေတ်နှင့်လည်း မလျော်-ပြည်သူတို့ ကောင်းကျိုးနှင့်လည်း ဆန့်ကျင်သည့် အစိတ်အပိုင်းတို့ကို ဖယ်ရှား ပြစ်မည်။

(၂၁) သဘာဝနှင့်လည်း ကိုက်ညီ-ခေတ်နှင့်လည်းလျော်ကန်ပြီး လူတန်းစား တရပ်နှင့်တရပ် လူတန်းစားတခုအတွင်း၌ လူသား အချင်းချင်း ကောင်းကျိုးကိုပေးဆောင်နိုင်မည့် ယဉ်ကျေးမှု ထုံးဓလေ့တို့ကို ဖေါ်ထုတ်ကြီးထွားစေမည်။

(၂၂) အနုပညာ ပန်းချီပန်းပု ရေးချယ် သရုပ် ဆောင်ခြင်း၊ ကဗျာစာပေ ရာဇဝင်သမိုင်း ဝတ္ထုဇာတ်လမ်း ရေးသား သရုပ်ဆောင်ခြင်း၊ ဖေါ်ထုတ်ခြင်း စသည်တို့သည် လူမျိုးစု လူတန်းစား တရပ်နှင့် တရပ် ပဋိပက္ခသဘော အကျိုး ပျက်စီးစေမည့် သဘောတို့ လုံးဝမပါစေဘဲ အကယ်၍ ရှိနေပြီးဖြစ်လျှင် ပါယ်ဖျက်ခါ လူမျိုးစု လူတန်းစား အသီးသီး၏ သွေးစည်းညီညွတ်မှု တိုးတက်သာယာမှုသဘောတို့ကိုသာ ဖြစ်စေရမည်။

## ပညာရေး။

(၂၃) ဗမာနိုင်ငံတွင် ယခုတိုင် အသက်ဝင်လျက်ပင် ရှိနေသေးသည့်ကိုလိုနီ ပညာရေးစနစ်ကို လုံးဝပပျောက်သည့်အထိတိုက်ဖျက်မည်၊



(၂၄) အနာဂါတ်ကာလတွင် ပြည်သူ့တာဝန်ကို ထမ်းဆောင်နိုင်မည့် စိတ်ဓါတ်မြင့်တင်ရေး၊ ကျန်းမာရေး ယဉ်ကျေးမှုနှင့် အခြားပြည်သူ့အကျိုးနှင့်ယှဉ်သော ပညာရပ်များကို သင်ကြားပေးနိုင်ရန် အားထုတ်မည်။

(၂၅) အလုပ်သမား တောင်သူလယ်သမား လူလတ်တန်းစားနှင့် တိုင်းရင်းသား အရင်းရှင်ဟုဆိုအပ်သော လူတန်းစားလေးရပ်တွင် ပါဝင်သည့် ပြည်သူ့သားသမီးတိုင်း နိုင်ငံက သတ်မှတ်ခွင့်ပြုထားသော ပညာရပ်များအနက် သင်လိုသော ပညာများကို သင်ကြားလိုသည့် အဆင့်အထိသင်ကြားနိုင်ရန် စီမံပေးမည်။

(၂၆) အသက်အရွယ်ကြီးရင့်နေ၍သော်၎င်း ဘဝတည်မြဲ သာယာမှု အတွက် တခုခုသော လုပ်ငန်းတွင် လုပ်ကိုင်နေရ၍ သော်၎င်း ပညာသင်ကြားလိုလျက် မသင်ကြား နိုင်သူတို့အား ပညာ သင်ကြားနိုင်ခွင့် ရရန် ဖန်တည်းပေးမည်။

## လူမျိုးစုအရေး

(၂၇) လူမျိုးစုတိုင်း တူညီသော အကျိုးအခွင့်ရရှိရေး သီးခြားနယ်မြေ တည်ထောင်နိုင်ရေးတို့အတွက် ဆောင်ရွက်မည်။

(၂၈) စီးပွားရေး ပညာရေး ကျန်းမာရေးနှင့် လူမှုရေးစသည်တို့တွင် အဆင့်နိမ့်နေသော လူမျိုးစုများကို အဆင့် မြင့်လာရန် ဖန်တည်းပေးမည်။

(၂၉) လူမျိုးစုတိုင်းအား လူမျိုးစုအသွင် လက္ခဏာကို ချေဖျက်သည့်သဘောမဟုတ်ဘဲ လူတန်းစားအမြင် လူတန်းစားအသွင်မျိုးစံနစ်တကျပေါ်ပေါက်လာရန် ဖေါ်ထုတ်ပေးမည်။

(၃၀) လူမျိုးစုတို့သည် လူမျိုးစုတခုနှင့်တခု ဆက်ဆန်ရာတွင်လူတန်းစားသဘောနှင့် ဆက်ဆန်ခြင်း၎င့် ချစ်ကြည်ရင်းနှီးမှု ပိုမို ခိုင်မြဲစေရန်ကြိုးပမ်းမည်။

(၃၁) လူမျိုးစု အသီးသီးတို့သည် လူတန်းစားအသွင့်များကိုတစတစရှေ့တန်းတင်လာခြင်းဖြင့် ပြည်သူ့ဒီမိုကရေစီ အာဏာကို တသွေး

တသားတည်းစုပေါင်းတာဝန်ယူလာခြင်း ဆိုရှယ်လစ် လူ့ဘောင်သစ်သို့ဦးတည်ချီတက်လာစေခြင်းတို့အတွက် ကြိုးပမ်းဖန်တည်းမည်။

## နိုင်ငံခြားရေး

(၃၂) တိုင်းငယ်ပြည်ငယ်ကလေးများ၏ လွတ်လပ်ရေးကိုချုပ်ချယ်ဖိနှိပ်သွေးစုပ်သော မည်သည့်နိုင်ငံခြား ဝါဒကိုမျှ အလိုမရှိမထောက်ခံ ဆန့်ကျင်တိုက်ဖျက်မည်။

(၃၃) မည်သည့်နိုင်ငံခြားတိုင်းပြည်နှင့်မဆို (အထူးသဖြင့် အိမ်နီးချင်းဖြစ်သော တိုင်းပြည်များနှင့်) နှစ်ဦးနှစ်ဘက် အကျိုးရှိစေမည့်နည်းဖြင့်တန်းတူဆက်ဆံမည်။

(၃၄) နယ်ချဲ့စစ်ပွဲများဖန်တည်းခြင်းဖြင့် အမြတ်အစွန်းရှာသူများ၏ပယောဂကြောင့် လူသတ္တဝါပေါင်းများစွာ သေကျေ ပျက်စီးခြင်း၊ ကျွန်ဘဝအဖြစ်ဖြင့် ဖိနှိပ်ချုပ်ချယ်ခံရခြင်း ပြည်သူလူများစုကြီးတရပ်လုံး စားဝတ်နေရေးတို့ ကြပ်တည်း ချို့ငဲ့ခြင်း၊ မတရားသဖြင့် ကြီးလေးသောအခွန်အကောက်များ ထမ်းဆောင်ကြရခြင်း စသည့် ဘေးဒုက္ခအမျိုးမျိုးတို့သာ ဖြစ်ပေါ်စေလေသည်၊ သို့အတွက် နယ်ချဲ့စံနစ်မှပေါ်ပေါက်သောစစ်ပွဲများကို အမြန်ဆုံးပြီးဆုံးစေ၍ တနည်းအားဖြင့်လည်း နယ်ချဲ့ ပယောဂကြောင့် ဖြစ်ပေါ်မည့် စစ်အန္တရာယ်တို့ကိုတားဆီး၍ ကမ္ဘာပေါ်ရှိလက်အောက်ခံ ကိုလိုနီနိုင်ငံများနှင့် အချယ်လှယ်ခံပြည်သူတို့၏ လွတ်မြောက်ရေး ဒီမိုကရေစီရေးနှင့် ထာဝစဥ်ငြိမ်းချမ်းရေးတို့အတွက်ကြိုးပမ်းနေသည့် အပြည်ပြည်ရှိအင်းအားစုများနှင့် ရင်းနှီးစွာဆက်ဆံမည်။

## (ခ) လောလောဆယ်လုပ်ငန်းစဉ်
## နိုင်ငံရေး

(၁) ၉-နှစ်ရာသီမျှ အပြတ်တိုက်၍မရသော ပြည်တွင်းစစ်ကို စေ့စပ်ဆွေးနွေးရပ်စဲခြင်းဖြင့် ပြည်တွင်း ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်နိုင်ရန် ကြိုးပမ်းမည်။



(၂) ဒီမိုကရေစီ အခွင့်အရေးများ အပြည့်အဝ ရရှိစေရန်အတွက်၎င်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးက ခွင့်ပြု သတ်မှတ်ချက်နှင့် လက်တွေ့ကျင့်သုံးမှုတို့ ညီညွတ်စေရန်အတွက် ၎င်း၊ ကမ္ဘာ့ကုလ သမဂ္ဂလူ့အခွင့်အရေး ပဋိဉာဉ်နှင့် ကိုက်ညီစေရန်၎င်း၊ ကြိုးပမ်းဆောင်ရွက်မည်။

(၃) အသီးသီးသော လူမျိုးစု လူတန်းစား တခုခု အတွင်း၌၎င်း၊ လူမျိုးစုအချင်းချင်းလူတန်းစားအချင်းချင်းတွင်၎င်း၊ လူမျိုးစုတခုနှင့်လူတန်းစားတခုတွင်၎င်း၊ အကြောင်းအမျိုးမျိုးကြောင့် အစိတ်စိတ်ကွဲပြားကာ အမျိုးသားညီညွတ်ရေးကြီး ပျက်ပြားနေခြင်းမှ ပြန်လည်သွေးစည်းတည်ဆောက်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်မည်။

(၄) ဗမာ နိုင်ငံသည် နိုင်ငံရေး အရ လွတ်လပ် သော်လည်း ပြည်သူတို့၏ အမျိုးသားလွတ်လပ်မှုပြည့်ဝရန် လိုနေသေးသည်ကိုပြည့်ဝအောင် မြှင့်တင် ထိန်းသိမ်းမည်။

## စီးပွားရေး

(၅) နိုင်ငံခြားလက်ဝါးကြီးအုပ်အရင်းရှင်တို့၏အခြေစိုက်ပြီး လုပ်ငန်းများ ထပ်မံ၍ အခြေစိုက် ထိုးဖောက်မှုများကို ဟန့်တား ပယ်ဖျက်မည်။

(၆) နိုင်ငံခြား လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများနှင့် နိုင်ငံအစိုးရနှင့်သော်၎င်း၊ တိုင်းရင်းသား အရင်းရှင်နှင့်သော်၎င်း၊ ဖက်စပ်လုပ်ငန်းလုပ်ကိုင်ခြင်းတို့ကို ဟန့်တားပယ်ဖျက်မည်။

(၇) လက်ဝါးကြီးအုပ်အရင်းရှင်စီးပွားရေးစံနစ်ကို၎င်း၊ အစိုးရအရင်းရှင် စီးပွားရေးစံနစ်ကို၎င်း၊ တပါတီအတွက် လူတစု အတွက် ပြုလုပ်သည့် (ပြည်သူပိုင်ခေါ်) စီးပွားရေးစံနစ်ကို၎င်း၊ ဆန့်ကျင် တိုက်ဖျက်မည်။

(၈) ကမ္ဘာ့နိုင်ငံအသီးသီးနှင့် အကျိုးတူ စီးပွားရေးစံနစ်ဖြင့် ဆက်သွယ်လုပ်ကိုင်ရေး၊ နိုင်ငံခြားတိုင်းပြည်များမှ အချုပ်အချယ် ကင်းမဲ့သည့် အားပေးကူညီမှုကိုသာ လက်ခံရေး၊ တိုင်းရင်းသား ငွေပင် ငွေ

ရင်းကိုသာ အခြေပြု၍ စက်မှုလုပ်ငန်းစသည့်နိုင်ငံပိုင်လုပ်ငန်းကြီးများကို
တူထောင်ခြင်း စသည်ဖြင့် တိုင်းရင်းသားတို့အကျိုးရှိစေမည့် စီးပွားရေ
စံနစ်တို့ကို ကြိုးပမ်းလုပ်ဆောင်မည်။

(၉) အလုပ်သမား-တောင်သူလယ်သမားလူတန်းစားနှင့် တိုင်း
ရင်းသား အရင်းရှင်တို့ပါ မိမိတို့ဆိုင်ရာ လုပ်ငန်းတို့တွင် ဝင်ငွေ-ထွက်
ငွေမျှတသည့် အခနုံးထက်မရစ်လျှော့ပေးခြင်း၊ အလုပ်လက်မဲ့ ပပျောက်
စေခြင်း၊ လိုအပ်သောပစ္စည်းကိရိယာ အရင်းငွေတို့ ပြည့်စုံစေခြင်း၊ ကုန်
ကြမ်းများရရှိပြီး ကုန်ချောများ တွင်ကြယ်စေခြင်း၊ အခွင့်အလမ်း ချိုးနှိမ်
ခိတ်ငံမှု မခံရစေခြင်း၊ ပြည်တွင်းပြည်ပ ရောင်းဝယ်မှုတွင် လွတ်လပ်ခွင့်
ရှိစေခြင်းစသည်တို့အတွက် ကြိုးပမ်းလုပ်ဆောင်မည်။

## ပညာရေးနှင့် ယဉ်ကျေးမှု

(၁၀) ကိုလိုနီစံနစ်၊ အရင်းရှင်စံနစ်နှင့် ပဒေသရာဇ်စံနစ်တို့ကို
အကျိုးပြုစေမည့် ပညာရေးစံနစ် စာပေ သင်ကြား ပို့ချမှုတို့ကို ဟန့်
တား ဖျက်သိမ်းပြစ်မည်။

(၁၁) အမျိုးသားညီညွတ်ရေး၊ အမျိုးသား ယဉ်ကျေးမှုတို့ကို
ထိခိုက်ပျက်ပြားစေမည့် ပညာရေးစံနစ်၊ ပညာရေး စာပေ သင်ကြား
ပို့ချခြင်းတို့ကို ဆန့်ကျင်ပါယ်ဖျက်မည်။

(၁၂) ပညာရေးလောကတွင်ကျောင်းဆရာ-ကျောင်းသား မိဘ
နှင့် ကျောင်းသူကျောင်းသားတို့ ညီညွတ်မျှတရေး၊တဦးတဦးယုံကြည်
အားထားရေး၊ ချစ်ကြည်လေးစားရေး၊ အားပေးကူညီရေး တို့ဖြစ်စေ
မည့် စီမံပြဌာန်းကျင့်သုံးမှုတို့ကို ဖေါ်ထုတ် လုပ်ဆောင်၍ ဆရာမိဘ
ကျောင်းသားတို့ သွေးကွဲစေမည့်အပြုအမူများ၊ကြိုးကိုင်ချုပ်ချယ်မှုများ
ဒီမိုကရေစီ အခွင့်အရေးနှင့် ဆန့်ကျင်သည့် အပြုအမူများ စသည်တို့ကို
ဟန့်တား ပါယ်ဖျက်ရန် ကြိုးပမ်းလုပ်ဆောင်မည်။

(၁၃) လူမျိုးစုအချင်းချင်း၊လူတန်းစားအချင်းချင်း လူမျိုးစုတရပ်
နှင့်တရပ် လူတန်းစားတရပ်နှင့်တရပ် လူမျိုးစုတရပ်နှင့် လူတန်းစားတ
ရပ်တို့ သွေးကွဲဆန့်ကျင်စေမည့် ယဉ်ကျေးမှုစာပေ အနုပညာ ဝတ္ထု



ဇာတ်လမ်း သရုပ်ဆောင် ရေးသားဖေါ်ပြ လုပ်ဆောင်ချက် မှန်သမျှကို
ဆန့်ကျင်တိုက်ဖျက်ပြစ်မည်။

## အုပ်ချုပ်ရေး

(၁၄) ဗမာပြည်အုပ်ချုပ်ရေးသည် ဗြိတိသျှ နယ်ချဲ့အစိုးရပြဌာန်း
သတ်မှတ်ထားခဲ့သည့် ၉၁-ဌာနအုပ်ချုပ်ရေး နည်းစံနစ် အသွင်လက္ခ
ဏာအရ မြူရိုကရေစီစက်ယန္တယားကြီးအတိုင်းပင် ရှိနေသေးသည်ကို
အမြန်ဆုံးပါယ်ဖျက်ခါ ဒီမိုကရေစီအုပ်ချုပ်ရေးစံနစ်အစစ်အမှန်ဖြစ်ပေါ်
ရေးအတွက် ကြိုးပမ်းလုပ်ဆောင်မည်။

(၁၅) အုပ်ချုပ်ရေးဌာနကြီးတခုလုံးတွင် မြူရိုကရက်အရာရှိဆိုး
စံနစ်တို့ ပိုမို ခိုင်မြဲခါ အမြစ်တွယ်လျက်ပင် ရှိနေသေးခြင်းကို ဟန့်တား
တိုက်ဖျက်ပြစ်မည်၊

(၁၆) အရာထမ်း အမှုထမ်း စသည့်များအား သင့်တော်သူကို
အခွင့်အရေးပေးခြင်း (Right. man Right-place.) ဖိနှိပ်ညှင်း
ပမ်းမှုမရှိစေခြင်း အခွင့်အလမ်းညီမျှစေခြင်းစသည်တို့အတွက် ဖန်တည်း
လုပ်ဆောင်မည်။

## နိုင်ငံခြားရေး

(၁၇) ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အနုမြူဟိုက်ထရိုဂျင် လက်
နက်စမ်းသတ်မှု ပိတ်ပင်ရေး အပြည်ပြည်ဆိုင်ရာ လက်နက် စစ်သား
လျှော့ပေါ့ရေးတို့အတွက် ဆောင်ရွက်မည်။

(၁၈) အိမ်နီးချင်း တိုင်းပြည်များနှင့် ဆက်ဆံရာတွင် ၎င်း
ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ဆက်ဆံရာတွင်၎င်း၊ ဦးနု-ချူအင်လိုင်-နေရူး
ချူအင်လိုင် ပူတွဲကြေညာချက်များဖြစ်သည့်မူ-၅-ချက်ကို အခိုင်အမာ
ကျင့်သုံးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

ပါတီသည် လောလောဆယ် လုပ်ငန်းလုပ်ဆောင်ရာတွင် အထက်
ပါလုပ်ငန်းတို့အပြင် အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကသတ်မှတ်
ထားသည့် လုပ်ငန်းများကို အတူး အလေးအနက် ပြုကာ ကျင့်သုံး
လုပ်ဆောင်သွားမည်။

အခန်း (၅)

# ပြည်သူ့ဒီမိုကရေစီ ပါတီ ဗမာပြည် ဖွဲ့စည်းပုံ စည်းမျဉ်းဥပဒေ။

(အပိုင်း-၁)

## အမည်-အလံ-တံဆိပ်။

၁။ အမည်ကို ပြည်သူ့ဒီမိုကရေစီပါတီ ဗမာပြည်ဟု ခေါ်တွင်စေမည်။

(မှတ်ချက်- ပြည်သူ့ဒီမိုကရေစီပါတီ ဗမာပြည်သည် တို့ဗမာအစည်းအရုံးအမည်ကို အခြေအနေအဆင့်အရ ပြောင်းလဲခံယူခဲ့ရာ တို့ဗမာအစည်းအရုံး၏ရာဇဝင်ကြောင်းကို တိမ်မြုပ် မသွားစေရန် ကမ္ဘည်းဆိုင်းဘုတ်ရေးထိုးရာတို့၌ (တို့ဗမာ အစည်းအရုံး) ဟူသော အမည်ကို ထိပ်ဆုံးတွင်နွှင်းပိတ်ဖြင့် ရေးသားထားရမည် ဖြစ်သည်)

၂။ အလံ။ ပြည်သူ့ ဒီမိုကရေစီ ပါတီ၏ အလံသည် မူလ တို့ဗမာအစည်းအရုံး၏အလံအသွေး အရောင်ဖြစ်သော ဝါ-စိမ်း-နီ ကို ပင် အရောင်အားဖြင့် ဆက်လက်သတ်မှတ်၍ပုံသဏ္ဌာန်ကို အောက်ပါ ပြုပြင်သတ်မှတ်သည့်အတိုင်းဖြစ်သည်။

(က) အလံ၏အချိုးအစား အတိုင်းအတာ အရ အလျားလိုက် အစိမ်းရောင်ထက်ဝက်တိတိကို အပေါ်မှရင်း၊ အနီရောင် ထက်ဝက် တိတိကို အောက်မှရင်း ဖြစ်စေရမည်။

(ခ) ၎င်းအစိမ်းနှင့်အနီအစပ်အလံ၏ ဗဟို တည့်တည့်နေရာတွင်အလံ၏ အနံအမျိုးအစား အရ ၃- ပုံ ၁- ပုံမျှအတိုင်းအတာရှိ ၂-ဘက်ပေါ် အဖြူရောင် တူတံဇင်ပုံပါရှိရမည်၊ တူထိပ်သည်အလံ၏ အရင်းဘက် အပေါ်ထောင့်သို့ တည့်တည့် ဦးတည်နေစေရမည်။



(ဂ) အလံ၏ အရင်းဘက်အပေါ်ထောင့် အစိမ်းခံပေါ်တွင် အလံ၏ အနံ အချိုးအစားအရ ၄-ပုံ ၁-ပုံမျှ အတိုင်းအတာရှိ ၂-ဘက်ပေါ် ထောင့် ၅-ခု ရွှေဝါရောင် ကြယ်ထပွင့်ပုံ ပါရှိရမည်၊ ၎င်းကြယ်၏ ထောင့်ချွန်းတခုသည် အလံ၏အရင်းဘက်အပေါ်ထောင့်သို့ တည့်တည့် ဦးတည်နေစေရမည်။

(ဃ) အလံ၏ အတိုင်းအတာမှာ အလျား ၅-ပုံ အနံ ၃-ပုံ ဖြစ်စေရမည်။

၃။ အမှတ်တံဆိပ်။ ယခင်တို့ဗမာအစည်းအရုံး၏အမှတ်တံဆိပ်ဖြစ်သော မီးတုတ်ကိုင်ဆောင်ချီတက်နေပုံကို မူလ လက်ဝဲနောက်ဘက်သို့ မျက်နှာမူနေဟန်မှ လက်ျာရှေ့ဘက်သို့ မျက်နှာမူဟန် ပြောင်းလဲ၍ စာနေရာတွင် ပြည်သူ့ဒီမိုကရေစီပါတီ ဗမာပြည်ဟု ပြောင်းလဲ ထည့်ပေးရမည်။

(အပိုင်း-၂)

## ပါတီဝင် ဖြစ်နိုင်ခွင့်- ပါတီဝင်၏ တာဝန် အခွင့်အရေးများနှင့် ပါတီဝင်အဖြစ်မှ ရပ်စဲခြင်း။

### ပါတီဝင် ဖြစ်နိုင်ခွင့်

အောက်ပါ အရည်အခြင်းတို့နှင့် ပြည့်စုံလျှင် ပြည်သူ့ ဒီမိုကရေစီ ပါတီ ဗမာပြည် ပါတီဝင်ဖြစ်နိုင်သည်။

၄။ အသက် ၁၈ နှစ် ရှိသည့် ကျန်းမာ သန်စွမ်းသော ပြည်ထောင်စု တိုင်းရင်းသားဖြစ်ရမည်။

၅။ နယ်ချဲ့ လက်ဝါးကြီးအုပ် အရင်းရှင်စံနစ်နှင့် ပဒေသရာဇ် မြေရှင်ကြီးစံနစ်ကို ဆန့်ကျင်ရမည်။

၆။ ပါတီ၏ ရည်ရွယ်ချက် ဝါဒ-လမ်းစဉ်-စည်းမျဉ်း တို့ကို လက်ခံသူဖြစ်ရမည်။

၇။ သတ်မှတ်ထားသော .... ပါတီကြေးများကို ပေး ဆောင်ရမည်။

၈။ အနည်းဆုံး ပါတီဝင် ၂ ဦး၏ ထောက်ခံချက် ရှိရမည်။

၉။ ပါတီဝင်လိုသူတဦး ပါတီဝင်အလွှာကို ဆိုင်ရာ အခြေခံ ပါတီမှ ဌာနချုပ်သို့တင်ပို့ပြီးနောက် ဌာနချုပ်၏ပါတီ ဝင်လိုသူအား လက်ခံ အသိအမှတ်ပြုပြီးသူ ဖြစ်ရမည်။

၁၀။ အရည်အချင်း ပြည့်ဝသည်ဟု ယူဆကာ ပါတီဌာနချုပ်မှ ပါတီဝင်အဖြစ် သင့်တော်သည်ဟု မှတ်တမ်းတင် ခံရပြီးသူသည် ထိုမှတ်တမ်းတင်ပြီးနောက် ၃ လ ပြည့်သောနေ့ရောက်မှ ခိုင်မြဲသောပါတီဝင် အဖြစ် အတည်ပြုမည်။ ထိုအချိန်တွင်မှ ပါတီဝင် လက်မှတ်ကိုလည်း ထုတ်ပေးရမည်။ (၃-လအတွင်း) ပါတီ၏တာဝန် ထမ်းဆောင်မှုကို စစ်ဆေးမည်။

## ပါတီဝင်၏ တာဝန်

၁၁။ ပါတီ၏ညီညွတ်ရေးကို အစွမ်းကုန် ထိန်းသိမ်း ကာကွယ်ရမည်၊ ပါတီအပေါ် သစ္စာရှိရမည်။

၁၂။ ပါတီ၏ဆုံးဖြတ်ချက်လမ်းစဉ်ကိုအကောင်အထည်ဖော်ရာ၌ စိတ်နှလုံးကိုယ်ပါ အားသွန်ကျိုးပမ်း ဆောင်ရွက်ရမည်၊ ပါတီဝင်တဦးသည် ပါတီက ချမှတ်သည့် လမ်းစဉ် ဆုံးဖြတ်ချက်တို့ကို သဘောကျ ထောက်ခံရုံမျှဖြင့် တာဝန်မကျေ၊ လမ်းစဉ် ဆုံးဖြတ်ချက်တို့ အကောင်အထည် ဖြစ်ပေါ်လာစေအောင် တက်ကြွစွာ ကြိုးပမ်းရမည်ဖြစ်သည်။

၁၃။ ပြည်သူ လူထုနှင့် နီးစပ်စွာ ဆက်သွယ်မှုကို ပိုမို ကျယ်ပြန့် ခိုင်မြဲအောင် ပြုလုပ်ရမည်၊ ပြည်သူတို့၏ လိုအင်ဆန္ဒများကို အတတ် နိုင်ဆုံး ဖြည့်စွမ်းပေးရမည်၊ ပါတီဝင်မဟုတ်သေးသော ပြည်သူတို့အား ပါတီ၏သဘောထား လမ်းစဉ် ဆုံးဖြတ်ချက် တို့ကို ကျေလည်စွာ ရှင်းလင်း တင်ပြရမည်။



၁၄။ နိုင်ငံရေး ဗဟုသုတ ရှာမှီး၍ နိုင်ငံရေးအသိဉာဏ် တိုးမြင့်အောင် ကြိုးစားရမည်၊ ဆိုရှယ်လစ် စီးပွားရေးစံနစ်နှင့်ပါတ်သက်သော အခြေခံ သဘောတရားတို့ကို ကျယ်ပြန့်စွာ လေ့လာ ဆီးပူးရမည်။

၁၅။ ကိုယ့်ကိုဝေဘန်ရေး-ပါတီတွင်း ဝေဘန်ရေးတို့ကို စံနစ်တကျ ဓမ္မဓိဋ္ဌာန်ကျကျ ပြုလုပ်ရမည်၊ပြုလုပ်ခြင်းကို ခံယူရမည်။

၁၆။ ပါတီ၏လျှို့ဝှက်ချက် များကို အထူး သိတ်သည်းစွာ ထိန်းသိမ်းရမည်၊ ပါတီ၏လုပ်ငန်းရပ် တခုခုအပေါ် ထားသည့် သဘောထားများ၊ ဆုံးဖြတ်သတ်မှတ်ချက်များကို ပါတီဆိုင်ရာကတရားဝင်ထုတ် ဖော်ကြေငြာခြင်းမပြုမှီအတွင်း ပါတီအပြင်သို့ ပေါက်ကြားခြင်းမဖြစ်ရစေ ရ၊တင်းကြပ်စွာ ထိန်းသိမ်းထားရမည်။

၁၇၊ ပါတီကလည်း ပေးအပ်၍ မိမိကိုယ်တိုင် ကလည်း ထမ်းရွက်ရန် လက်ခံပြီးသော တာဝန်ကို ကြေပြွန်စွာလုပ်ဆောင်ရမည်။

၁၈။ ပါတီမှ ကောက်ခံရန် ထုတ်ဝေသည့် စာစောင် များကို ကန့်သတ်ထားသော နှုန်းထားအတိုင်း ဝယ်ယူ ဘတ်ရှုရမည်။ ဖြန့်ဝေ ရောင်းချပေးရမည်။

## ပါတီဝင်၏ အခွင့်အရေး။

ပါတီ၏ဆိုင်ရာအစည်းအဝေးများတွင်လွတ်လပ်စွာ (စံနစ်တကျ) ဆွေးနွေးခွင့်နှင့် မည်သည့်ပါတီဝင် သို့မဟုတ် အမှုဆောင်ကိုမဆို ဝေဘန် နိုင်ခွင့်ရှိသည်။

၂၀ ပါတီ အာဏာပိုင် အမှုဆောင် အဖွဲ့အစည်းများသို့ ရွေးကောက် တင်မြှောက်ခွင့်-အရွေးခံနိုင်ခွင့် ရှိသည်။ (၎င်းမှာ ပါတီဝင် လက်မှတ်ရပြီး ပါတီ၏ သက်တန်း တနှစ်ပြည့်ပြီးသူဖြစ်ရမည်)။

၂၁။ မိမိနှင့်ပါတ်သက်၍ဆွေးနွေးဆုံးဖြတ်ရန်ပြုလုပ်သည့် ပါတီ အစည်းအဝေးတွင် တက်ရောက်ခွင့်-ကာကွယ်ဖြေရှင်းခွင့်ရှိသည်။

၂၂။ ပါတီ၏မည်သည့်အာဏာပိုင်အဆင့်ကိုမဆို ပါတီဝင်တဦးသည် ဩဇာဘာချပ်ရပ်အတွက် မိမိသဘောဆန္ဒကို တင်ပြနိုင်ခွင့်ရှိသည်။

## ပါတီဝင်အဖြစ်မှရပ်စဲခြင်း

၂၃။ သတ်မှတ်ထားသောပါတီ လစဉ်ကြေးများကို ၃ လအထိ မပေးဘဲ ပျက်ကွက်ခြင်း။

၂၄။ ဆိုင်ရာပါတီအစည်းအဝေးများသို့ တစုံတရာ အကြောင်းပြခွင့် တောင်းခြင်းမရှိဘဲ သုံးကြိမ်တိုင် တဆက်ထည်း အစည်းအဝေး မတက် ပျက်ကွက်ခြင်း။

၂၅။ ပါတီတွင်း ဝေဘန်ရေးနှင့် ကိုယ့်ကိုယ်ကို ဝေဘန်ရေး သဘောတို့ကို ဓိတ်ပင် တားဆီးခြင်း-ဆန့်ကျင်ခြင်း။

၂၆။ ပါတီ ပျက်စီးရာပျက်စီးကြောင်း လုပ်ကြံဖန်တည်ခြင်း၊ ပါတီအပေါ် ရိုးသားမှုမရှိခြင်း။

၂၇။ ပါတီ၏လျှို့ဝှက်ချက်များကို ထုတ်ဖေါ်ခြင်း။

၂၈။ ပါတီ၏ဝါဒလမ်းစဉ်နှင့် စည်းမျဉ်းတို့ကို ဖေါက်ဖျက်ခြင်း။

၂၉။ ပါတီက သတ်မှတ်ပေးထားသည့် မိမိဆိုင်ရာ တာဝန်များကို ပျက်ကွက်ခြင်း။

၃၀။ ပါတီအတွင်း အကျိုးပြု လုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်မှုမရှိခြင်း။

၃၁။ ပါတီကပေးသောအပြစ်ဒါဏ်-ပါတီ၏ကုစားခြင်းကိုလက် မခံခြင်း-ငြင်းပါယ်ခြင်း။

အပိုင်း-(၃)

## ပါတီ ဖွဲ့စည်း ပုံ

၃၂။ ပြည်သူ့ ဒီမိုကရေစီပါတီ-ဗမာပြည်၏ ဖွဲ့စည်းပုံ အခြေခံ သဘောမှာ ဗဟိုထိန်းချုပ်သည့် ဒီမိုကရေစီစနစ်အရ ဖြစ်သည်။

၃၃။ ပါတီ၏အမြင့်ဆုံးပိုင်းရှေ့ဆောင်အလုပ်ကော်မီတီမှ အနိမ့်ဆုံးပိုင်း ရှေ့ဆောင် အလုပ်ကော်မီတီအထိ အားလုံးကို ရွေးကောက် တင်မြှောက် ဖွဲ့စည်းရမည်။



၃၄။ အဆင့်ဆင့်သော ပါတီအလုပ်ကော်မီတီတို့က သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းတို့အား အချိန်မှန်အစီရင်ခံခြင်း-တင်ပြခြင်း-ညွှန်ကြား ခြင်း ပြုရမည်။

၃၅။ ပါတီတွင် အများစု၏ ဆုံးဖြတ်သတ်မှတ်ချက်ကို အနည်းစုက လိုက်နာရမည်။

၃၆။ ပါတီအထက်အဆင့် ကော်မီတီ၏ ဆုံးဖြတ်ညွှန်ကြားချက် များသည် ပါတီအောက်အဆင့် ကော်မီတီ အဖွဲ့အစည်းများအပေါ် သက်ရောက်ရမည်ဖြစ်သကဲ့သို့ အောက်အဆင့်မှ အထက်အဆင့်သို့ ဝေဘန်ခွင့်-ရှင်းလင်းတင်ပြခွင့်ရှိသည်။

၃၇။ ပါတီအဖွဲ့အစည်း အားလုံးသည် ဆိုင်ရာဒေသ ပြဿနာ များကို ဆုံးဖြတ်လုပ်ဆောင်ရာတွင် ပါတီ၏ အခြေခံဝါဒလမ်းစဉ် သတ်မှတ်ချက်တို့နှင့် မဆန့်ကျင်လျှင် ဒေသ အခြေအနေအရ လွတ်လပ်စွာ ဆုံးဖြတ် လုပ်ကိုင်ခွင့်ရှိသည်။

၃၈။ နိုင်ငံလုံးဆိုင်ရာပါတီတွင် အောက်ပါအတိုင်းအဆင့်အဆင့် အဖွဲ့အစည်းများရှိမည်။

(က) ပါတီဗဟိုကော်မီတီ။

(ခ) ပါတီ-ခရိုင်-ကော်မီတီ။

(ဂ) ပါတီ-မြို့နယ်-တိုက်နယ်-ကော်မီတီ။

(ဃ) ပါတီ-ကျေးရွာ-ရပ်ကွက်-စက်ရုံ-အလုပ်ရုံ-ဈေးရုံ စသည့် အခြေခံအဖွဲ့။

(င) အခြေအနေအရ လိုအပ်လျှင် ပါတီ ဗဟိုကော်မီတီနှင့် ပါတီခရိုင် ကော်မီတီကြားတွင်ပါတီ တိုင်းကော်မတီ ရှိရမည်။

၃၉။ အဆင့်ဆင့်သော ပါတီကော်မီတီ အဖွဲ့အစည်း များတွင် အလုပ်အမှုဆောင်အဖွဲ့များ ရွေးချယ် ဖွဲ့စည်းထားရမည်၊ ဗဟို အလုပ်

အမှုဆောင်အဖွဲ့-ခရိုင်အမှုဆောင်အဖွဲ့ မြို့နယ်-တိုက်နယ် - အလုပ်အမှုဆောင်အဖွဲ့-ကျေးရွာ-ရပ်ကွက်အလုပ် အမှုဆောင်အဖွဲ့-နှင့် စက်ရုံ-အလုပ်ရုံ-ရုံး-ဈေး-စသည်များတွင်ဖွဲ့စည်းထားသည့် ပါတီအလုပ်အမှုဆောင်များဖြစ်သည်။

၄၀။ ရန်ကုန်-မန္တလေး-ပုသိမ်-မော်လမြိုင်-တို့ကဲ့သို့သော လူဦးရေများပြားသည့် မြို့ကြီးများတွင် မြို့နယ်အဆင့်နှင့် တူညီသည့် ပါတီတိုက်နယ်ကော်မတီများဖွဲ့ရမည်-၎င်းအောက်မှ ကျေးရွာအဆင့်နှင့်တူညီသောပါတီရပ်ကွက်စသည့်အဖွဲ့များရှိရမည်။

၄၁။ လူဦးရေအတင့်အသင့်သာရှိသော ခရိုင်မြို့များနှင့်မြို့ပိုင်နယ်ပိုင်ရုံးစိုက်ရာမြို့များ ရဲ့ရွာဟာသာရှိသည့်လူနေများသည့်တောမြို့တောရွာကြီးများတွင်ကျေးရွာအဆင့်နှင့်တူညီသည့် ရပ်ကွက်အခြေခံပါတီ အဖွဲ့အစည်းများဖွဲ့ရမည်-။

၄၂။ ကျေးရွာ-ရပ်ကွက် စသည့် အခြေခံ အဖွဲ့အစည်း များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်။

(က) ပါတီဝင် အနည်းဆုံး ၁၀ ဦးရှိလျှင် အခြေခံပါတီ ဖွဲ့စည်းနိုင်သည်။

(ခ) အခြေခံပါတီများတွင် ၃-ဦးမှ ၅ ဦးအထိ ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ ရှိမည်။ ထိုအဖွဲ့တွင်.... ဥက္ကဋ္ဌ-အတွင်းရေးမှူး-စည်းရုံးရေးမှူး- အခြေအနေကိုကြည့်၍ ရွေးချယ်ဖွဲ့စည်းရပေမည်။

(ဂ) အခြေခံပါတီများမှ မြို့နယ်-သို့မဟုတ် တိုက်နယ်-အဖွဲ့များသို့ အချိုးကျ ကိုယ်စားလည် ပေးပို့ရန်ဖြစ်သည်။

(ဃ) ကျေးရွာနှင့် ရပ်ကွက် ပါတီများ-၎င်းပြင် စက်ရုံ-အလုပ်ရုံနှင့် ဈေးများတွင် ဖွဲ့စည်းထားသည့် ပါတီများမှာပါတီ၏အခြေခံအဖွဲ့အစည်းများ ဖြစ်သည်။



(င) ဒေသတခုတွင် အခြေခံပါတီဖွဲ့စည်းရန် ဦးရေ မပြည့်သေးမီ အချိန်အတွင်း (        ) အစုကလေး အဖြစ်စတင် ဖေါ်ထုတ်နိုင်သည်။

(စ) ပါတီဝင် လက်ခံသည့်တာဝန်ကို ဆိုင်ရာအခြေခံပါတီများကသာ ထမ်းရွက်ရန်ဖြစ်သည်။

၄၃။ မြို့နယ် တိုက်နယ် ပါတီ ကော်မီတီများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်။

(က) မြို့နယ်နှင့်တိုက်နယ် ပါတီကော်မီတီသည် အခြေခံ ပါတီများ မဟုတ်၊ ကော်မီတီ အဖွဲ့သာဖြစ်သည်။

(ခ) မြို့နယ်သို့မဟုတ် တိုက်နယ်ကော်မီတီကို အခြေခံ ပါတီတို့မှ သတ်မှတ်ထားသည့်အတိုင်း ရွေးချယ်တာဝန်ပေးအပ်သော ကိုယ်စားလည်များဖြင့် ဖွဲ့စည်းရမည်။

(ဂ) မြို့နယ်သို့မဟုတ် တိုက်နယ်ကော်မီတီတွင်-၅-ယောက်မှ-၇-ယောက်အထိပါဝင်သည့် အလုပ်အမှုဆောင် အဖွဲ့ကိုရွေးချယ်ဖွဲ့စည်းပေးရမည်၊ ထိုအဖွဲ့များတွင်-ဥက္ကဋ္ဌ အတွင်းရေးမှူး- စည်းရုံးရေးမှူး စသည်ဖြင့် အခြေအနေကို ကြည့်၍ ရွေးချယ်ပေးအပ်ရန်ဖြစ်သည်။

(ဃ) မြို့နယ်နှင့်တိုက်နယ် ကော်မီတီများသည် ခရိုင်ကော်မီတီသို့ သတ်မှတ်ထားသော ကိုယ်စားလည် များကို ရွေးချယ် တင်ပို့ရမည်။

(င) မြို့နယ်နှင့်တိုက်နယ် ကော်မီတီသည် ဆိုင်ရာကျေးရွာနှင့် ရပ်ကွက်စသည့်အခြေခံပါတီများတွင် ပါတီ၏သဘောတရားရေး နိုင်ငံရေး စသည့်တို့ ရှင်းလင်း တင်ပြခြင်း၊ ပြဿနာ အရပ်ရပ်ကို ဖြေရှင်း ပေးခြင်း၊ ဝေဘန် လမ်းပြခြင်း။

စည်းရုံးလှုပ်ရှားခြင်း စသည့် တာဝန်များကို စံနစ် တ
ကျ ဦးဆောင်လုပ်ကိုင်ရမည် ဖြစ်သည်။

၄၄။ ခရိုင်ပါတီ ကော်မီတီကို အောက်ပါ အတိုင်း ဖွဲ့စည်း
ရမည်။

(က) ခရိုင်ပါတီ ကော်မီတီသည် မြို့နယ် တိုက်နယ် ကော်မီတီများကဲ့သို့ပင် အခြေခံ ပါတီဝင်များဖြင့် ဖွဲ့စည်းထားသည့်သဘောမဟုတ်၊ ကော်မီတီအစုသာဖြစ်သည်။

(ခ) မြို့နယ်နှင့် တိုက်နယ်ကော်မီတီများမှ သတ်မှတ်ထားသည့် အတိုင်း ရွေးချယ် တင်ပို့သော ကိုယ်စားလှယ်များ စုပေါင်းဖွဲ့စည်းသည့် အဖွဲ့မှာ ပါတီခရိုင်ကော်မီတီ ဖြစ်သည်။

(ဂ) ခရိုင်ကော်မီတီတွင် ၇-ယောက်မှ ၉-ယောက် အထိ ပါဝင်သည့် ခရိုင်အလုပ် အမှုဆောင်အဖွဲ့ကို ရွေးချယ် တင်မြှောက် ဖွဲ့စည်း၍ တာဝန်ပေးထားရမည်၊ ထိုအဖွဲ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ စည်းရုံးရေးမှူး- စသည်ဖြင့် အခြေအနေအရ သင့်သလို တာဝန်ခံများ ပါဝင်စေရမည်။

(ဃ) ခရိုင်ကော်မီတီသည်နိုင်ငံလုံးဆိုင်ရာ ပါတီဗဟို ကော်မီတီသို့ သတ်မှတ် ထားသည့်အတိုင်း ကိုယ်စားလှယ် ရွေးချယ် တာဝန်ပေးအပ်ရမည်။

(င) ပါတီခရိုင်ကော်မီတီသည် ဆိုင်ရာ မြို့နယ် တိုက်နယ်များတွင် ပါတီ၏သဘောတရားရေး နိုင်ငံရေးလမ်းစဉ်တို့ကိုရှင်းလင်းတင်ပြခြင်း ပြဿနာအရပ်ရပ်ကို ဖြေရှင်းပေးခြင်း စည်းရုံးလှုပ်ရှားခြင်း စသည့် တာဝန်များကို စံနစ်တကျ ဦးဆောင်လုပ်ကိုင် ရမည်ဖြစ်သည်။

၄၅။ ပါတီ ဗဟိုကော်မီတီကို အောက်ပါ အတိုင်း ဖွဲ့စည်း
ရမည်။



(က) ခရိုင် ကော်မီတီများမှ သတ်မှတ်ထားသည့် အတိုင်း ရွေးချယ် တင်ပို့သော ကိုယ်စားလှယ်တို့ကို စုပေါင်း ဖွဲ့စည်းသည့် အဖွဲ့သည် နိုင်ငံလုံးဆိုင်ရာ ပါတီ ဗဟိုကော်မီတီ ဖြစ်သည်။

(ခ) နိုင်ငံလုံး ဆိုင်ရာ ပါတီ ဗဟို ကော်မီတီတွင် ၉-ဦးထိ ပါဝင်သော ဗဟိုအလုပ် အမှုဆောင်အဖွဲ့ကို ရွေးချယ် ဖွဲ့စည်း၍ တာဝန် ပေးအပ်ရမယ်၊ ထိုအမှုဆောင် အဖွဲ့တွင်နိုင်ငံလုံးဆိုင်ရာ ပါတီဥက္ကဋ္ဌနှင့် ပါတီအထွေထွေ အတွင်းရေးမှူးတို့နှင့်တကွ အောက်ပါ ဌာနများကို ခွဲဝေ တာဝန်ယူရန် တွဲဘက်အတွင်းရေးမှူးများ ပါဝင် ရမည်။

၁။ နိုင်ငံရေးရာ ဌာန။
၂။ စီးပွားရေးရာ ဌာန။
၃။ လူမှုရေးရာ ဌာန။
၄။ နိုင်ငံခြားရေးရာ ဌာန။
၅။ အလုပ်သမားရေးရာ ဌာန။
၆။ တောင်သူလယ်သမားရေးရာ ဌာန။
၇။ စည်းရုံးရေး ဌာန။
၈။ ဘဏ္ဍာရေးဌာန။

ပါတီ ဗဟိုကော်မတီသည် ပါတီ ကွန်ဂရက် တခုနှင့် တခု အကြား အာဏာပိုင်အဖွဲ့ဖြစ်သည်။ ဗဟိုအလုပ်အမှုဆောင် အဖွဲ့သည် ဗဟိုကော်မတီ ကိုယ်စား ပါတီ၏ ဝါဒလမ်းစဉ်-ဦးဆောင်မှု-ထိန်းသိမ်းရေး စသည့် အရပ်ရပ် ပြဿနာတို့အတွက် တာဝန်အရှိဆုံး အဖွဲ့ ဖြစ်သည်။

(ဃ) ပါတီဗဟိုကော်မတီက ဆုံးဖြတ် သတ်မှတ် ပေးသည့် လမ်းစဉ်များ၊ အခြေအနေအရ ပေါ်ပေါက် လာသည့်

ပါတီ အခြေခံ ဝါဒရည်မှန်ချက်များနှင့် မဆန့်ကျင်သည့် ပြဿနာ အရပ်ရပ်ကို ပါတီဗဟို အလုပ် အမှုဆောင် အဖွဲ့သည် ထုတ်ပြန်ဆောင်ရွက်ခြင်း အောက်အဆင့်မှ ပါတီခွဲများသို့ စံနစ်တကျ ညွှန်ကြား လုပ်ဆောင်စေခြင်း စသည်တို့ ပြုလုပ်ရမည်။

(င) ပါတီဗဟို အလုပ်အမှုဆောင် အဖွဲ့သည် ပါတီ ဗဟို ကော်မီတီ ညီလာခံ တခုနှင့် တခု အကြားတွင် ဗဟို ကော်မီတီ၏ ဆုံးဖြတ်ချက်များ ပါတီ အခြေခံဝါဒ ရည်မှန်းချက်နှင့် မဆန့်ကျင်သော လုပ်ငန်း ပြဿနာများကို လုပ်ကိုင် ဆောင်ရွက် နိုင်သည့်ပြင် သတ်မှတ်ထားသော အချိန်ကာလမဟုတ်စေကာမူ ပါတီဗဟို ကော်မတီကို ခေါ်ဆိုကျင်းပနိုင်သည်။ ။

(အပိုင်း-၄)

## အစည်း အဝေးများ။

၄၆။ အဆင့်အတိုင်းရှိ ပါတီအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများကို ရိုးရိုးအားဖြင့် တလတကြိမ် ပဋ္ဌမ ရက်သတ္တပါတ် အတွင်း၌ ကျင်းပရမည်၊ ၎င်းလစဉ် အစည်းအဝေး အပြင် လိုအပ်လျှင် ဆိုင်ရာအလုပ် အမှုဆောင်အဖွဲ့က သင့်သလို သတ်မှတ်ချက် ထား၍ ပြုလုပ်နိုင်သည်။

၄၇။ အဆင့်ဆင့်သော ပါတီအလုပ်အမှုဆောင် လစဉ်အစည်းအဝေး များတွင်အခြေအနေအရ ပေါ်ပေါက်လာသည့် ပြဿနာများ အပြင် လွန်ခဲ့သော လ အတွင်းက အတွေ့အကြုံများ-ပါတီ စည်းရုံးရေး ဘဏ္ဍာရေးအခြေအနေများကို-တင်ပြဝေဖန်သုံးသပ်ကြရမည်။

၄၈။ ကြေးရွာရစ်ကွက် အခြေခံပါတီဝင် အားလုံးပါဝင်သည့် အစည်း အဝေးနှင့်မြို့နယ်-တိုက်နယ်-ခရိုင်နှင့် ဗဟိုကော်မတီ အစည်း



အဝေးများကို နှစ်ပါတ်လည်နှင့်-၆-လပါတ်ဟူ၍ တနှစ်လျှင်-၂-ကြိမ် ကြစီကျင်းပရမည်။

၄၉။ ၆-လပါတ်ကြေးရွာ ရပ်ကွက် စသည့် အခြေခံ ပါတီဝင် အစည်းဝေးများ-ခြောက်လပါတ်မြို့နယ်-တိုက်နယ်-ခရိုင်နှင့် ဗဟိုကော်မတီ အစည်းအဝေးတွင် လွန်ခဲ့သောအချိန်က ပါတီ၏စည်းရုံးရေး—ဘဏ္ဍာရေး အခြေအနေများ၊ အခြားနိုင်ငံရေးပြဿနာများ၊ ရှေ့ ၆-လ အတွင်း လုပ်ဆောင်ရမည့် လုပ်ငန်းပြဿနာ အရေးရပ်တို့ကို ဆွေး နွေး ဆုံးဖြတ်ရမည်။

၅၀။ နှစ်ပါတ်လယ် ကျေးရွာရပ်ကွက် ပါတီဝင်အစည်းအဝေး များတွင် ဖြတ်သန်းဖြေရှင်း တွေ့ကြုံခဲ့ရသည့် အမှားအမှန် နိုင်ငံရေး နိုင်ငံခြားရေးပြဿနာအရပ်ရပ်များ ပါတီ၏စည်းရုံးရေး ဘဏ္ဍာရေး အခြေအနေများ တင်ပြဆွေးနွေးခြင်း၊ ပါတီအလုပ် အမှုဆောင်သစ်ရွေးချယ်ခြင်း၊ မြို့နယ်-တိုက်နယ်-ကော်မတီသို့ လာမည့် အတွက် တင်ပို့မည့် ကိုယ်စားလှယ်သစ် ရွေးချယ်ခြင်းတို့ ပြုလုပ်ရမည်။

၅၁။ နှစ်ပါတ်လည် မြို့နယ်-တိုက်နယ်-ကော်မတီအစည်းအဝေး များတွင် တနှစ်အတွင်း တွေ့ကြုံခဲ့ရသည့်နိုင်ငံရေးပြဿနာအရပ်ရပ်များ ပါတီ၏ စည်းရုံးရေး-ဘဏ္ဍာရေးအခြေအနေများ တင်ပြဆွေးနွေးခြင်း၊ လာမည့်နှစ်သစ်အတွက် အလုပ်အမှုဆောင်သစ် ရွေးခြင်း၊ခရိုင် ကော်မတီအတွက် ကိုယ်စားလှယ်သစ် ရွေးချယ်ခြင်းတို့ ပြုလုပ်ရမည်။

၅၂။ နှစ်ပါတ်လည် ခရိုင်ကော်မတီ အစည်းအဝေးတွင် တနှစ် အတွင်း တွေ့ကြုံခဲ့ရသည့် နိုင်ငံရေး ပြဿနာအရပ်ရပ်များ ဆွေးနွေး ခြင်းပါတီ၏ စည်းရုံးရေး-ဘဏ္ဍာရေး-အခြေအနေတို့ကို ဝေဘန် သုံးသပ်ခြင်း၊ လာမည့်နှစ်အတွက် အလုပ်အမှုဆောင်သစ်နှင့် ဗဟို ကော်မတီသစ်များ ရွေးချယ်ခြင်းတို့ ပြုလုပ်ရမည်။

၅၃။ နှစ်ပါတ်လည် ဗဟိုကော်မတီ အစည်းအဝေးတွင် တနှစ် အတွင်း တွေ့ကြုံခဲ့ရသည့်နိုင်ငံရေးပြဿနာများ၊ပြည်တွင်းပြည်ပပြဿနာ များ၊ ပါတီ၏စည်းရုံးရေး၊ ဘဏ္ဍာရေးအခြေအနေ၊ ပါတီ၏ နိုင်ငံ

ရေးလမ်းစဉ်၊ သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်စသည်များကို ပြန်လှန်စစ်ဆေးခြင်း၊ ဝေဖန်သုံးသပ်ခြင်း၊ ရှေ့နှစ်အတွက် ပြင်ဆင်သတ်မှတ်ခြင်း၊ နှစ်သစ်အတွက် အလုပ်အမှုဆောင်သစ် ရွေးချယ်ခြင်း စသည်တို့ ပြုလုပ်ရမည်။

၅၄။ အဆင့်ဆင့်သော ပါတီ နှစ်ပါတ်လည် အစည်းအဝေးများသည် တခုနှင့်တခု အောက်မှအထက်သို့ ၁၅ ရက်ခြား၍ ပြုလုပ်ရမည်။ ဥပမာ၊ ဗဟိုကော်မတီအစည်းအဝေးကို ဒီဇင်ဘာလ-၃၁-ရက်နေ့တွင် ပြုလုပ်မည်ဖြစ်က ကျေးရွာ-ရပ်ကွက် ပါတီများ၏ နှစ်ပါတ်လည် အစည်းအဝေးကို နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပြုလုပ် ရမည်။ မြို့နယ်၊ တိုက်နယ်၊ ကော်မတီအစည်းအဝေးကို ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်ရမည်။ ထို့ကြောင့် နှစ်ပါတ်လည် ဗဟိုကော်မတီအစည်းအဝေး ပြုလုပ်မည့်နေ့ရက်ကို ရက်ပေါင်း ၆၀ တိတိ ကြိုတင် ထုတ်ပြန်ရမည်။

၅၅။ ပါတီ၏ နိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်ကြီးကို အောက်ပါအတိုင်း ကိုယ်စားလှယ်များ တက်ရောက်နိုင်သည်။

(က) ဗဟိုကော်မတီဝင်များ၊ (ခ) ခရိုင်ကော်မတီများမှ ကိုယ်စားလှယ် ၃ ဦး၊ (ဂ) မြို့နယ်၊ တိုက်နယ်ကော်မတီများမှ ၂ ဦးစီ၊

(ဃ) ပါတီဝင်နှင့် အရံပါတီဝင်များကို လေ့လာသူအဖြစ် သတ်မှတ်ပေးထားသည့် ဦးရေအတိုင်း ဆိုင်ရာ ပါတီများမှ တက်ရောက်နိုင်ခွင့်ရှိသည်။

၅၆။ နိုင်ငံလုံးဆိုင်ရာ ပါတီ ကွန်ဂရက်ကို ၃ နှစ် တကြိမ်ကျ ပြုလုပ်ရမည်၊ ထို ကွန်ဂရက်ကြီးတို့ ဗဟို အလုပ်အမှုဆောင် အဖွဲ့က တာဝန်ယူရမည်။

၅၇။ နိုင်ငံလုံးဆိုင်ရာပါတီကွန်ဂရက်ကြီးတွင် ပါတီ၏ အရပ်ရပ် အခြေအနေ၊ ပါတီ၏ဝါဒလမ်းစဉ်၊ ပြည်တွင်း၊ ပြည်ပ အခြေအနေ စသည့် အရေးကြီးသည့် ပြဿနာများကို တင်ပြ သုံးသပ် ဆွေးနွေး ဝေဖန် ပြုပြင် သတ်မှတ်ခြင်းတို့ကို ပြုလုပ်ရမည်။



၅၈။ နိုင်ငံလုံးဆိုင်ရာ ပါတီ ကွန်ဂရက်ကြီး မကျင်းပမီ ဗဟိုကော်မီတီအစည်းအဝေးကျင်းပရမည်၊ ထိုအစည်းအဝေးတွင် နိုင်ငံလုံးဆိုင်ရာ ညီလာခံကြီးတွင် တင်သွင်း ဆုံးဖြတ် သတ်မှတ်မည့် လုပ်ငန်းများကို စီစစ် ပြင်ဆင်ရမည်။ နိုင်ငံလုံးဆိုင်ရာ ကွန်ဂရက် ခေါ်ဆိုရေးအတွက် ပါတီ ဗဟိုကော်မီတီ ၃-ပုံ ၁-ပုံက တောင်းဆိုလျှင် ဗဟို အလုပ်အမှုဆောင်က ခေါ်ဆိုပေးရမည်။

## (အပိုင်း-၅)

## အထွေထွေ

၅၉။ မြို့နယ်၊ တိုက်နယ်၊ ကော်မတီများအတွက် ကျေးရွာ-ရပ်ကွက် စသည့်အခြေခံပါတီများမှကိုယ်စားလှယ် ၃-ဦးစီထိ။ ခရိုင်ကော်မီတီသို့ မြို့နယ်၊ တိုက်နယ်၊ ကော်မတီများမှ ကိုယ်စားလှယ် ၄-ဦးစီထိ။ ဗဟိုကော်မတီသို့ ခရိုင်ကော်မတီမှ ကိုယ်စားလှယ် ၂ ဦးမှ ၃ ဦးစီထိ ရွေးချယ် တင်ပို့ရမည်။

၆၀။ သတ်မှတ်ထားသော ပါတီဝင်ဦးရေ မပြည့် သေးသော အခြေခံကျေးရွာနှင့် ရပ်ကွက်များတွင် ၃ ဦးပါဝင်သည့် ယာယီစည်းရုံးရေးကော်မတီ ဖွဲ့ရမည်။ ထိုကော်မီတီက အခြေခံပါတီဝင် ဦးရေ ပြည့်သည်နှင့်တပြိုင်နက် စံနစ်တကျ ပါတီ ဖွဲ့ရမည်။

၆၁။ အခြေခံကျေးရွာနှင့် ရပ်ကွက်ပါတီများ စံနစ်တကျ မဖွဲ့စည်းရသေး၍ စံနစ်တကျ ကိုယ်စားလှယ်များမရောက်ရှိသေးသည့် မြို့နယ်-တိုက်နယ်များ၊ မြို့နယ် တိုက်နယ် ကော်မတီများ စံနစ်တကျ မဖွဲ့ရသေးသဖြင့် စံနစ်တကျကိုယ်စားလှယ်များမရှိသေးသော ခရိုင်များတွင်ယာယီ မြို့နယ် တိုက်နယ်နှင့် ခရိုင်အမှုဆောင်အဖွဲ့များ ဖွဲ့နိုင်သည်။

၆၂။ ယာယီ မြို့နယ် တိုက်နယ်နှင့် အဖွဲ့များသည် တနှစ်သာလျှင် သက်တမ်းရှိသည်။ တနှစ်အတွင်း စံနစ်တကျကော်မီတီများ ပေါ်ထွက်

နိုင်ရမည်။ အဲ့ကာယ်၍ တနှစ်ထက်ကျော်လွန်လျှင် ယာယီ စည်းရုံးရေး ကော်မတီအဖြစ် သတ်မှတ်လုပ်ဆောင်ရမည်။

၆၃။ အောက်ပါ အရည်အချင်းရှိပြီး ၎င်းကိုယ်တိုင်က လိုလား လက်ခံလျှင် အရံပါတီဝင်အဖြစ် သတ်မှတ်နိုင်သည်။

(က) ပါတီ၏ အခြေခံဝါဒကိုအပြည့်အဝ လက်မခံနိုင်သေး သော်လည်း မဆန့်ကျင်လျှင်....

(ခ) ပါတီကဦးဆောင်သည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများ တွင် လုပ်ငန်းအလိုက် ပါဝင်ဆောင်ရွက်လျှင်....

(ဂ) ပါတီဝင်များပေးသည့် ပါတီဝင်ကြေးများပေးလျှင်....

(ဃ) ပါတီ ပြိုကွဲ ပျက်စီးရေးအတွက် တိုက်ရိုက်သော်၎င်း သွယ်ဝိုက်၍သော်၎င်း လုပ်ကိုင်ခြင်းမရှိခဲ့လျှင်....

၆၄။ ပါတီဝင်တိုင်းသည် ပါတီဝင်ကြေး ၁-တကျပ်၊လစဉ်ကြေး ပြား-၅၀ ပေးရမည်၊ ၎င်းဝင်ကြေးနှင့် လစဉ်ကြေး များကို အခြေ အနေအရ ဗဟိုကော်မီတီက တိုးခြင်း လျှော့ခြင်း သို့မဟုတ် အခြား နည်းစံနစ် တမျိုးမျိုး ပြုပြင်ခြင်းတို့ ပြုလုပ်နိုင်သည်။

၆၅။ ပါတီ ကြေးများနှင့် ပါတ်သက်၍ အောက်ပါ အတိုင်း ခွဲဝေရယူနိုင်သည်။

(က) ပါတီဝင်ကြေးအားလုံးကို ဗဟိုကော်မီတီသို့ ပေးအပ်ရ မည်။

(ခ) ပါတီ လစဉ်ကြေးများမှ ကျေးရွာ ရပ်ကွက် အခြေခံ ပါတီများက တရာ-၄၀နှုန်း၊ မြို့နယ- တိုက်နယ် ပါတီ ကော်မီတီ များက တရာ- ၃၀-နှုန်း၊ ခရိုင်နှင့် ဗဟို ကော်မီတီတို့က ၁၅-ရာခိုင်နှုန်းစီ ခွဲဝေယူရမည်။



(ဂ) ပါတီ၏နှစ်ပါတ်လည်နေ့ကို ဒီဇင်ဘာလ ၁၆-ရက်နေ့ တွင် သတ်မှတ်သည်။

ဤစည်းမျဉ်းကို လာမည့် ဗဟိုကော်မီတီ အစည်း အဝေးတွင် ထပ်မံ ပြင်ဆင် ဖြည့်စွက်၍ အတည်ပြုမည်၊ လောလောဆယ် ပါတီ စည်းရုံးလှုပ်ရှားရေး အတွက် အလုပ်အမှုဆောင်က ဆုံးဖြတ်အတည် ပြုလိုက်သည်။ ။

ဗဟိုအလုပ် အမှုဆောင် အဖွဲ့။

မြည်သူ့ဒီမိုကရေစီပါတီ (ဗမာပြည်)

၁၁၇- ရေတာရှည်လမ်းဟောင်း၊ ဗဟန်း၊

ရန်ကုန်မြို့။

၅၈။ နိုင်ငံလုံးဆိုင်ရာ ပါတီ ကွန်ဂရက်ကြီး မကျင်းပမီ ဗဟို ကော်မီတီအစည်းအဝေးကျင်းပရမည်၊ ထိုအစည်းအဝေးတွင် နိုင်ငံလုံးဆိုင်ရာ ညီလာခံကြီးတွင် တင်သွင်း ဆုံးဖြတ် သတ်မှတ်မည့် လုပ်ငန်းများကို စိစစ် ပြင်ဆင်ရမည်။ နိုင်ငံလုံးဆိုင်ရာ ကွန်ဂရက် ခေါ်ဆိုရေးအတွက် ပါတီ ဗဟိုကော်မီတီ ၃-ပုံ ၁-ပုံက တောင်းဆိုလျှင် ဗဟို အလုပ်အမှုဆောင်ကခေါ်ဆိုပေးရမည်။

## (အပိုင်း-၅)

## အထွေထွေ

၅၉။ မြို့နယ်၊ တိုက်နယ်၊ ကော်မတီများအတွက် ကျေးရွာ-ရပ်ကွက် စသည့်အခြေခံပါတီများမှကိုယ်စားလှယ် ၃-ဦးစီထိ။ ခရိုင်ကော်မီတီသို့ မြို့နယ်၊ တိုက်နယ်၊ကော်မတီများမှ ကိုယ်စားလှယ် ၄-ဦးစီထိ။ ဗဟိုကော်မတီသို့ ခရိုင်ကော်မတီမှ ကိုယ်စားလှယ် ၂ ဦးမှ ၃ ဦးစီထိ ရွေးချယ် တင်ပို့ရမည်။

၆၀။ သတ်မှတ်ထားသော ပါတီဝင်ဦးရေ မပြည့် သေးသော အခြေခံကျေးရွာနှင့် ရပ်ကွက်များတွင် ၃ ဦးပါဝင်သည့် ယာယီစည်းရုံးရေးကော်မတီ ဖွဲ့ရမည်။ ထိုကော်မီတီက အခြေခံပါတီဝင် ဦးရေ ပြည့်သည်နှင့်တပြိုင်နက် စံနစ်တကျ ပါတီ ဖွဲ့ရမည်။

၆၁။ အခြေခံကျေးရွာနှင့် ရပ်ကွက်ပါတီများ စံနစ်တကျ မဖွဲ့စည်းရသေး၍ စံနစ်တကျ ကိုယ်စားလှယ်များမရောက်ရှိသေးသည့် မြို့နယ်-တိုက်နယ်များ၊ မြို့နယ် တိုက်နယ် ကော်မတီများ စံနစ်တကျ မဖွဲ့ရသေးသဖြင့် စံနစ်တကျကိုယ်စားလှယ်များမရှိသေးသော ခရိုင်များတွင်ယာယီ မြို့နယ် တိုက်နယ်နှင့် ခရိုင်အမှုဆောင်အဖွဲ့များ ဖွဲ့နိုင်သည်။

၆၂။ ယာယီ မြို့နယ် တိုက်နယ်နှင့် အဖွဲ့များသည် တနှစ်သာလျှင် သက်တမ်းရှိသည်။ တနှစ်အတွင်း စံနစ်တကျကော်မီတီများ ဖေါ်ထုတ်

နိုင်ရမည်။ အဲ့ကာယ်၍ တနှစ်ထက်ကျော်လွန်လျင် ယင်းယီ စည်းရုံးရေး ကော်မတီအဖြစ် သတ်မှတ်လုပ်ဆောင်ရမည်။

၆၃။ အောက်ပါ အရည်အချင်းရှိပြီး ၎င်းကိုယ်တိုင်က လိုလား လက်ခံလျှင် အရံပါတီဝင်အဖြစ် သတ်မှတ်နိုင်သည်။

(က) ပါတီ၏ အခြေခံဝါဒကိုအပြည့်အဝ လက်မခံနိုင်သေး သော်လည်း မဆန့်ကျင်လျှင်....

(ခ) ပါတီကဦးဆောင်သည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများ တွင် လုပ်ငန်းအလိုက် ပါဝင်ဆောင်ရွက်လျှင်....

(ဂ) ပါတီဝင်များပေးသည့် ပါတီဝင်ကြေးများပေးလျှင် ....

(ဃ) ပါတီ ပြိုကွဲ ပျက်စီးရေးအတွက် တိုက်ရိုက်သော်၎င်း သွယ်ဝိုက်၍သော်၎င်း လုပ်ကိုင်ခြင်းမရှိခဲ့လျှင်....

၆၄။ ပါတီဝင်တိုင်းသည် ပါတီဝင်ကြေး ၁-တကျပ်၊ လစဉ်ကြေး ပြား-၅၀ ပေးရမည်၊ ၎င်းဝင်ကြေးနှင့် လစဉ်ကြေး များကို အခြေ အနေအရ ဗဟိုကော်မီတီက တိုးခြင်း လျှော့ခြင်း သို့မဟုတ် အခြား နည်းစံနစ် တမျိုးမျိုး ပြုပြင်ခြင်းတို့ ပြုလုပ်နိုင်သည်။

၆၅။ ပါတီ ကြေးများနှင့် ပါတ်သက်၍ အောက်ပါ အတိုင်း ခွဲဝေရယူနိုင်သည်။

(က) ပါတီဝင်ကြေးအားလုံးကို ဗဟိုကော်မီတီသို့ ပေးအပ်ရ မည်။

(ခ) ပါတီ လစဉ်ကြေးများမှ ကျေးရွာ ရပ်ကွက် အခြေခံ ပါတီများက တရာ-၄၀နှုန်း၊ မြို့နယ်- တိုက်နယ် ပါတီ ကော်မီတီ များက တရာ- ၃၀-နှုန်း၊ ခရိုင်နှင့် ဗဟို ကော်မီတီတို့က ၁၅-ရာခိုင်နှုန်းစီ ခွဲဝေယူရမည်။



(ဂ) ပါတီ၏နှစ်ပါတ်လည်နေ့ကို ဒီဇင်ဘာလ ၁၆-ရက်နေ့ တွင် သတ်မှတ်သည်။

ဤစည်းမျဉ်းကို လာမည့် ဗဟိုကော်မီတီ အစည်း အဝေးတွင် ထပ်မံ ပြင်ဆင် ဖြည့်စွက်၍ အတည်ပြုမည်၊ လောလောဆယ် ပါတီ စည်းရုံးလှုပ်ရှားရေး အတွက် အလုပ်အမှုဆောင်က ဆုံးဖြတ်အတည် ပြုလိုက်သည်။ ။

ဗဟိုအလုပ် အမှုဆောင် အဖွဲ့။

**ပြည်သူ့ဒီမိုကရေစီပါတီ (ဗမာပြည်)**

၁၁၇- ရေတာရှည်လမ်းဟောင်း၊ ဗဟန်း၊

ရန်ကုန်မြို့။